ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )**

**[ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၄။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၈)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၃.၂၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၇-၂-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကတော့ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်နဲ့ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၂)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနဲ့ ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ် ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် (၁၂၀ x ၉၀)ပေ ဘက်စုံသုံး မိုးလုံလေလုံ အားကစားအဆောက်အအုံ အသစ်တစ်ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်း က ချင်းပြည်နယ်၊ ဟားခါးမြို့နယ်တွင် (၁၂၀ x ၉၀)ပေ ဘက်စုံသုံး မိုးလုံလေလုံ အားကစားအဆောက်အအုံ အသစ်တစ်ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးဌေးတင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဌေးတင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့အားကစားသမားများကို ဖွံ့ဖြိုးတိုးတက်စေလိုသောဆန္ဒနှင့် ကျွန်တော် ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဟားခါးမြို့သည် ချင်းပြည်နယ်၏ မြို့တော်တစ်ခုဖြစ်ပြီး မြို့ပေါ်လူဦးရေ (၃၂၀၀၀)ကျော် နေထိုင်ကာ အစိုးရရုံးစိုက်ရာမြို့လေးဖြစ်ပါတယ်။ အခြားမြို့နယ်၊ တိုင်းဒေသကြီး၊ မြို့တော်များနှင့် နှိုင်းစာလျှင်တော့ တိုးတက်မှု နှေးကွေးလျက်ပင် ရှိပါသေးတယ်။ သို့ပင်သော်လည်း မိမိတို့ချင်းလူမျိုးများ အနေဖြင့် ဟားခါးမြို့သည် အလွန်ပင် စည်ကားနေသည်ဟုပင် ထင်မြင်သတ်မှတ်ထားပါတယ်။ မိမိတို့

ချင်းပြည်နယ်သည် ဆင်းရဲသောပြည်နယ်ဟု မြန်မာနိုင်ငံတွင်သာမက ကမ္ဘာကပင် သိရှိကြပါတယ်။ ဆင်းရဲပါတယ်ဆိုတဲ့ ပြည်နယ်က မြားပစ်ကစားသမားများ၊ သေနတ်ပစ်ကစားသမားများ၊ ကရာတေးဒို ကစားသမားများ၊ ကာယဗလမောင်များ၊ လက်ဝှေ့သမားများ၊ ဘောလုံးကစားသမားများ ထင်မထား လောက်အောင် မြန်မာ့လက်ရွေးစင်များ ထွက်ရှိနေတာကိုတော့ ချီးကျူးရလိမ့်မည်ဟု ဖော်ပြချင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလက်ရှိ ဟားခါးမြို့တွင် မိုးလုံလေလုံ အားကစားအဆောက်အအုံ အဟောင်းတစ်ခု ရှိပါတယ်။ အဆိုပါအဆောက်အအုံသည် နှစ်ကာလအားဖြင့် နှစ်ပေါင်း(၄၀)ကျော်ခန့် ရှိပြီး ဟောင်းနွမ်းနေသည်မှာ ကျွန်တော်ကိုယ်တိုင် ရောက်ရှိခဲ့၍ မျက်မြင်သက်သေပင်ဖြစ်ပါတယ်။ အနာဂတ်မျိုးဆက်သစ်ကျောင်းသားလူငယ် နိုင်ငံ့ဂုဏ်ဆောင်ကစားသမားများ ပေါ်ထွန်းလာရေးအတွက် အဆောက်အအုံအသစ် ပြန်လည်တည်ဆောက်ပေးရန် လိုအပ်သည်မှာ အမှန်ပင် ဖြစ်ပါသည်။ ဟားခါး မြို့သို့ ကျွန်တော်ရောက်ခဲ့စဉ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ပြည်နယ်မှူးအဖွဲ့တို့နှင့် တွေ့ဆုံ၍ တင်ပြရာ ဌာနပိုင်မြေလည်းရှိပါကြောင်း၊ ဘက်စုံအားကစားအဆောက်အအုံ အသစ်တစ်ခု ပြည်နယ်၏ မြို့တော် ဟားခါးမြို့တွင် တည်ဆောက်ပေးနိုင်မည်ဆိုလျှင် သင့်တော်ပါကြောင်း ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒါ ဟားခါးမြို့ ပြည်နယ်မှူးနဲ့ ကျွန်တော်တို့ တွေ့ဆုံတဲ့မှတ်တမ်း ဖြစ်ပါတယ်။ ဒါကတော့ မိုးလုံလေလုံ အားကစားအဆောက်အအုံ ပျက်စီးယိုယွင်းနေတာကို ကျွန်တော်တို့ မြင်တွေ့နေရတဲ့ပုံဖြစ်ပါတယ်။ ဒါကလည်း အပြင်ပိုင်းပုံသဏ္ဌာန် ဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ အပြင်ပိုင်းနဲ့ အတွင်းပိုင်းပုံသဏ္ဌာန် ဖြစ်ပါတယ် ခင်ဗျား။ ဒါက လက်ရှိ မိုးလုံလေလုံ အားကစားကွင်းအသစ် တည်ဆောက်မယ်ဆိုရင် လျာထားတဲ့ မြေနေရာ ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းရမည်ဟူသော ဆောင်ပုဒ်နဲ့အညီ မြန်မာ့လက်ရွေးစင် ထူးချွန်အားကစားသမားများ ပေါ်ထွန်းလာရေးအတွက် အားကစားကွင်းများ၊ အဆောက်အအုံများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များတွင် လုံလုံလောက်လောက်တည်ရှိမှ ထွက်ပေါ်လာမည်ဟု မိမိအနေဖြင့် ယူဆပါတယ်။ ထို့အတူ ဝေးလံခေါင်သီသော တိုင်းရင်းသားဒေသအသီးသီး မြို့နယ်များတွင် အဆင့်အတန်းမီ အားကစားသမားများ၊ အားကစားကွင်းများ တည်ဆောက်ပေးရန်လည်း လိုအပ်ပါတယ်။ ကျောင်းသား လူငယ်များအတွက် ကစားကွင်း၊ အဆောက်အအုံများ ကောင်းမွန်မှသာလျှင် ကိုယ်ကာယ ကျန်းမာ သန်စွမ်းပြီး မိမိတို့အားသန်ရာ အားကစားမျိုးစုံများကို ကစားခွင့်ရမှာဖြစ်သည့်အတွက် ယခုတောင်းဆို ထားသော ဘက်စုံသုံး မိုးလုံလေလုံ အားကစားအဆောက်အအုံအား ဘဏ္ဍာနှစ်အလိုက် လျာထား ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ ချင်းပြည်နယ်၊ ဟားခါးမြို့တွင် ဘက်စုံသုံး (၁၂၀ x ၉၀)ပေရှိ မိုးလုံလေလုံ အားကစားအဆောက်အအုံ အသစ်တစ်ခုကို ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးနိုင်ပါရန်နှင့် ယခင်အဆောက်အအုံဟောင်းအား အကြီးစား ပြင်ဆင်မှု ပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

ချင်းပြည်နယ်၊ ပြည်နယ်အား/ကာမှုအဖွဲ့တို့နှင့် တွေ့ဆုံမှတ်တမ်း မြင်ကွင်းပုံ (ယ)




ဟားခါးမြို့၊ မိုးလုံလေလုံ အားကစားအဆောက်အဦ ပျက်စီးယိုယွင်းမှုများပြပုံ (ယ-၁)



ဟားခါးမြို့၊ မိုးလုံလေလုံအားကစားကွင်း အသစ်တည်ဆောက်ရန် လျာထားမြေနေရာ မြင်ကွင်းပုံ (ယ-၂)



**ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးတိုက်နယ်ဆေးရုံအား အဆောက်အအုံအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက် က ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးတိုက်နယ်ဆေးရုံအား အဆောက်အအုံအသစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းကတော့ ချင်းပြည်နယ်၊ ပလက်ဝ မြို့နယ်၊ ဆမီးမြို့တိုက်နယ်ဆေးရုံအား အဆောက်အအုံအသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုသည့်မေးခွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးတိုက်နယ် ဆေးရုံဟာ ၁၉၇၇ ခုနှစ်တွင် ကျေးလက်ကျန်းမာရေးဌာနမှ တိုက်နယ်ဆေးရုံအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၉၄ ခုနှစ်မှာ ၎င်းတိုက်နယ်ဆေးရုံမြေနေရာ၌ ဆေးရုံသစ် မတည်ဆောက်ဘဲ အခြေခံပညာအလယ်တန်းကျောင်း တည်ရှိသည့်နေရာတွင် တည်ဆောက်ခဲ့ပါတယ်။ ဆေးရုံဟောင်း မြေနေရာသည်လည်း တိုက်နယ်ဆေးရုံ တည်ဆောက်ရန် လုံလောက်တဲ့မြေနေရာမရှိကြောင်း လေ့လာ သိရှိခဲ့ရပါတယ်။ လက်ရှိတိုက်နယ်ဆေးရုံသည်လည်း ပြည်သူများနေအိမ်နဲ့ အလွန်နီးကပ်လျက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်းနဲ့လည်း ကပ်လျက်တည်ရှိနေပါတယ်။ တိုက်နယ်ဆေးရုံ တည်ဆောက် ပြီးသည်မှာ (၂၄)နှစ်သာ ကြာမြင့်ခဲ့သော်လည်း ဆောက်လုပ်တဲ့အချိန်တွင် အရည်အသွေးမပြည့်မီခြင်း များကြောင့် တချို့သောနေရာများတွင် ပျက်စီးနေပြီး ခုတင်များလည်း ခိုင်ခံ့မှုမရှိသည့်အတွက် ခုတင် အသစ်များလည်း လိုအပ်နေပြီဖြစ်ကြောင်း သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးတိုက်နယ်ဆေးရုံ၏ ဧရိယာမြေနေရာဟာ(၁)ဧကကျော်ခန့်သာရှိပြီး ယခင်က ကျေးရွာအဆင့်တည်ရှိချိန်တွင် နယ်မြေဒေသအခြေအနေအရ တည်ဆောက်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဆမီးကျေးရွာမှ ဆမီးမြို့အဆင့် တိုးမြှင့်ပြီးချိန်တွင် လူနေမှုများပြားပြီး ဌာနဆိုင်ရာများလည်း ရုံးစိုက်လာကာ မြို့နယ်ဧရိယာသည်လည်း ယခင်ကျေးရွာအဆင့် ဧရိယာထက် များစွာကျယ်ဝန်းသည့် အတွက် မြို့အဆင့်မီ တိုက်နယ်ဆေးရုံ တည်ဆောက်ရန်အတွက်လည်း ဌာနဆိုင်ရာများ၊ အရပ်လူကြီး များနဲ့ ဒေသခံပြည်သူများက ညှိနှိုင်းတိုင်ပင်ပြီး မြေနေရာလည်း လျာထားပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆမီးတိုက်နယ်ဆေးရုံသစ် တည်ဆောက်ရန်အတွက် လျာထားမြေနေရာဟာ ပလက်ဝ-မတူပီ လမ်းသစ်ဖောက်လုပ်သည့် နေရာအနီးတွင်ဖြစ်ပြီး ဧရိယာအကျယ်အဝန်းကို လိုအပ်သလို တိုးချဲ့နိုင်သောနေရာ ဖြစ်ပါတယ်။ ဝန်ထမ်းအိမ်ရာများကိုလည်း ၎င်းမြေနေရာတွင် တည်ဆောက်ရန်

တင်ဒါအောင်မြင်သည့်ကုမ္ပဏီများက စီစဉ်နေကြပြီဖြစ်ကြောင်း သိရှိရပါတယ်။ ပလက်ဝမြို့နယ်၏ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ရန် ဦးစားပေးလုပ်ငန်းများအလိုက် အဆိုပြုလျာထားရာတွင်လည်း ဒေသလိုအပ်ချက်အရ ပထမဦးစားပေးအဆင့်တွင် လျာထားကြောင်း သိရှိရပါတယ်။ လက်ရှိတိုက်နယ် ဆေးရုံသည် ဟောင်းနွမ်းနေပြီဖြစ်ခြင်း၊ ဧရိယာမြေနေရာ လုံလောက်မှုမရှိခြင်း၊ ကျောင်းသူ၊ ကျောင်းသားပေါင်း (၁၅၀၀)ဦးခန့် ပညာသင်ကြားနေသည့် အ.ထ.က ကျောင်းနဲ့ ကပ်လျက်တည်ရှိနေခြင်းတို့ကြောင့် ပလက်ဝ-မတူပီ ကားလမ်းသစ်အနီး လျာထားမြေနေရာတွင် တိုက်နယ်ဆေးရုံအသစ် တည်ဆောက်ပေးပါရန် ဒေသခံပြည်သူများကိုယ်စား တင်ပြတောင်းခံရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဆမီးမြို့တိုက်နယ်ဆေးရုံအား ဆေးရုံအသစ် တည်ဆောက်ပေးပါရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ရိုသေလေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဆုံကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေးက မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဆုံကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးနိုင်ရန်အတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို ကောင်းကျိုးလိုအင်ဆန္ဒတွေနဲ့ ပြည့်ဝပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး ပဲ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဆုံကုန်းကြီးကျေးရွာအုပ်စု၊ ဆုံကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ အခြေခံအကြောင်းပြချက်များအနေနဲ့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ဆုံကုန်းကြီးကျေးရွာအုပ်စု၊ ဆုံကုန်းကြီးကျေးရွာဟာ နတ်မောက်မြို့၏ အရှေ့မြောက်ဘက်တွင် တည်ရှိပြီး ပျော်ဘွယ်မြို့နယ်၊ မိတ္ထီလာမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါတယ်။

ဆုံကုန်းကြီးအုပ်စုနှင့် ပတ်ဝန်းကျင်ရှိကျေးရွာများသည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် နတ်မောက်မြို့ ပြည်သူ့ဆေးရုံနှင့် (၃၅)မိုင်၊ ရွှေပန်းတောကျေးရွာ ကျေးလက်ကျန်းမာရေးဌာနနှင့် (၂၁)မိုင်၊ ကျွန်းချောင်းကျေးလက်ကျန်းမာရေးဌာနခွဲနှင့် (၇)မိုင်ခန့် ကွာဝေး

ပါတယ်။ ဆုံကုန်းကြီးကျေးရွာတွင် လူဦးရေစုစုပေါင်း(၂၈၇၇)ဦး၊ အိမ်ခြေစုစုပေါင်း(၇၀၁)အိမ်၊ အစိုးရ အလယ်တန်းကျောင်းခွဲ(၂)ကျောင်း၊ အစိုးရမူလတန်းကျောင်း(၁)ကျောင်းရှိပြီး ကျေးရွာတွင် ရေအရင်းအမြစ်များလည်း ကောင်းမွန်လုံလောက်စွာရှိပါတယ်။ ဆုံကုန်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ပြည်သူများသည် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိသောကိစ္စများ ပေါ်ပေါက် လာပါက လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှပါတယ်။

သို့ဖြစ်ပါ၍ ဆုံကုန်းကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိပါက အချိန်တို အတွင်း ကျန်းမာရေးစောင့်ရှောက်မှု ခံယူနိုင်ပါသောကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ် ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၉။**

**ဒေါက်တာမြင့်ထွေး (ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာ မြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်က ဦးဌေးတင်း ရဲ့ မေးခွန်း ဖြစ်တဲ့ ဟားခါးမြို့မှာ ဘက်စုံသုံး (၁၂၀ x ၉၀)ပေ မိုးလုံလေလုံ အားကစားအဆောက်အအုံအသစ် တစ်ခုကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန်ကိစ္စကို ဖြေကြားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ဟားခါးမြို့မှာ ပေ(၁၂၀ x ၉၀)ရှိတဲ့ ခိုင်ကမ်းမိုးလုံလေလုံ အားကစားကွင်းဟာ ၁၉၉၀ ခုနှစ်တွင် စဆောက်ပြီး (၂၈)နှစ်ရှိပြီဖြစ်သော်လည်း စိုးရိမ်ဖွယ်ရာ အဆောက်အဦ မဟုတ် ကြောင်း၊ လက်ရှိသုံးနေပြီး ကြံ့ခိုင်မှုရှိကြောင်းကို မြို့နယ်ဦးစီးအရာရှိ (မြို့ပြ)၊ လမ်းဦးစီးဌာနမှ လာရောက် စစ်ဆေးပြီး အသုံးပြုနိုင်ကြောင်းကို ထောက်ခံချက်ရရှိထားပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ၁၈-၇-၂၀၁၇ ရက်နေ့၌ သွားရောက်ကြည့်ရှုတဲ့ အချိန်မှာတော့ မှန်ပါတယ်။ ကျွန်တော့်ဆီမှာလည်း ဓာတ်ပုံတွေရှိပါတယ်။ အခင်းများ ပျက်စီးခြင်း၊ နံရံများ အက်ကွဲခြင်း၊ ခေါင်မိုးများ မိုးယိုခြင်းများရှိသော်လည်း နောက်ပိုင်းမှာ ကျွန်တော်တို့က အခင်း များကိုလည်း ပြန်ပြင်ပြီးပါပြီ။ အက်ကွဲနေသောနံရံများလည်း ပြန်ပြင်ပြီးပါပြီ။ ဆေးလည်း သုတ်ပြီးပါပြီ။ ခေါင်မိုးကိုလည်း ပြင်ပြီးပါပြီ။ ထို့အပြင် မီးသီး၊ မီးချောင်းများ တပ်ဆင်ခြင်းလုပ်ငန်းကို အောက်တိုဘာလ ၃၀ ရက်နေ့၊ ၂၀၁၇ ခုနှစ်မှာ အပြီးအစီး လုပ်ထားပြီးဖြစ်ပါတယ်။ လက်ရှိမှာလည်း အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမှာပြင်ဆင်ပြီးတဲ့ ဓာတ်ပုံတွေရှိပါတယ်။ ကျွန်တော် Power Point မပြလို့ပါ။ အရမ်းကောင်းပါတယ်။ အပြင်ပိုင်းရော၊

အတွင်းရော အလွန်ကောင်းတဲ့ အခြေအနေဖြစ်တဲ့အပြင် ဒီမှာအားကစား ကျင်းပနေတဲ့ပွဲတွေလည်း အကုန်၊ ဓာတ်ပုံနဲ့ အကုန်ရိုက်ထားပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး သွားကြည့်တဲ့နေ့တုန်းကလည်း တွေ့ရတဲ့ဓာတ်ပုံတွေက အကုန်ရှိပါတယ်။ အဲဒီတုန်းက မကောင်းပါဘူး။ မှန်ပါတယ်။ အခု အရမ်းကောင်းသွားပါပြီ။ ဥပမာ အနေနဲ့ ပြောမယ်ဆိုလို့ရှိရင် မြို့နယ်အားကစားဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Township Sports Development Programme) အရ ဘောလီဘောတို့၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင် တင်းနစ်၊ ဖူဆယ်ပြိုင်ပွဲများကိုလည်း နှစ်(၇၀)ပြည့် လွတ်လပ်ရေးအားကစားနေ့များမှာလည်း ၄-၁-၂၀၁၈ အထိ ဆက်တိုက်ဆိုသလို ကျင်းပလျက်ရှိပါတယ်။ ချင်းပြည်နယ်၏ အားကစားအဆင့်အတန်းကို တိုးတက်မြင့်မားစေရန် မြို့နယ်များမှာလည်း မျိုးဆက်သစ်အားကစားသမားများ ရရှိရေးအတွက်ကို ရည်ရွယ်၍ အဆောက်အဦများ အများကြီးဆောက်နေပါတယ် ချင်းပြည်နယ်မှာ။ ဥပမာဆိုလို့ရှိရင် ၂၀၁၇-၂၀၁၈ မှာ ချင်းပြည်နယ် ခွင့်ပြုဘဏ္ဍာငွေမှ ကျပ်သိန်း(၁၄၀၀)ဖြင့် ချင်းပြည်နယ်၊ ရေဇွာမြို့မှာ (၁၂၀ x ၉၀)ပေရှိတဲ့ မိုးလုံလေလုံ အားကစားကွင်း ဆောက်လုပ်ခြင်းကို ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုကို အပ်နှံပြီး ယခုအခါ လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါတယ်။

နောက်တစ်ချက်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကန်ပက်လက်မြို့နယ်၊ မိုးလုံလေလုံ အားကစားကွင်း (၁၂၀ x ၉၀)ပေကိုလည်း ကျပ်သိန်း(၃၀၀၀)ဖြင့်လည်းကောင်း၊ ထန်တလန်မြို့နယ် မှာလည်း မိုးလုံလေလုံ အားကစားကွင်း (၁၂၀ x ၉၀)ပေကို ကျပ်သိန်း(၃၀၀၀)၊ စုစုပေါင်း ကျပ်သိန်း (၆၀၀၀)ကို ရန်ပုံငွေခွင့်ပြုမိန့် ရရှိပြီးဖြစ်ပါသဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် တင်ဒါခေါ်ယူ၍ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ချင်းပြည်နယ်၊ ဟားခါးမြို့မှာတော့ ဘက်စုံသုံး (၁၂၀ x ၉၀)ပေ မိုးလုံလေလုံ အားကစားကွင်း အသစ်တစ်ခုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် တွင် တည်ဆောက်ပေးရန်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ တောင်းတော့ တောင်းခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ မရခဲ့ပါဘူး။ ဒါကို ပိုက်ဆံ အဖြတ်ခံလိုက်ရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ မရပါဘူး။

သို့သော် ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာကတော့ ကျွန်တော်တို့ အောက်တိုဘာလ ၂ ရက်နှင့် ၃ ရက်နေ့မှာ Exercise is Medicine, Physical Activity is Medicine အားကစား ပြုလုပ်ခြင်းသည် ဆေးတစ်မျိုးဖြစ်တယ်ဆိုပြီး ကျွန်တော်တို့ နေပြည်တော်မှာ လူ(၂၀၀)ကျော်လောက် တက်ပြီးတော့ Seminar လုပ်ပါတယ်။ ဒီ Seminar ရဲ့ Framework တွေ၊ Road Map တွေ ထွက်ပါတယ်။ အဲဒါကို ကျွန်တော်တို့ သမ္မတရုံးကို တင်ပြတဲ့အခါမှာ သမ္မတရုံးက စာထုတ်ပါတယ်။ တိုင်းနှင့်ပြည်နယ် အားလုံးမှာ ဒီကိစ္စကို လုပ်ဖို့အတွက် လူမှုရေးဝန်ကြီးတွေက ဥက္ကဋ္ဌလုပ်မယ်။ အတွင်းရေးမှူးသည် တိုင်းနှင့်ပြည်နယ်မှာရှိတဲ့ အားကစား ညွှန်ကြားရေးမှူးတွေက လုပ်ပါမယ်။ ကျန်တာတွေကတော့ လူမှုရေးဝန်ကြီးနဲ့ တိုင်းနှင့်ပြည်နယ်အစိုးရက ကြိုက်တဲ့လူတွေ အတွင်းမှာထည့်ပြီးတော့ တိုင်းနှင့် ပြည်နယ်အလိုက် ပြည်သူများ အားကစားလုပ်ဖို့၊ အားပေးဖို့ အဲဒါကို အဖွဲ့ဖွဲ့ထားပါတယ်။ အခု အဖွဲ့တွေလည်း ပြီးပါပြီ။ ဆက်လက်လုပ်ဖို့လည်း ကျွန်တော်တို့ဗဟိုကနေပြီးတော့ ပံ့ပိုးဖို့ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုဘာလုပ်မလဲဆိုတော့ ခေါင်းထဲဝင်လာတာကတော့ အားကစားဝန်ကြီးဌာနက အဲဒီမှာပြောပါမယ်။

လောလောဆယ်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ ဒီ အားကစားကို ခိုင်ကမ်း၊ မိုးလုံလေလုံ အားကစားကွင်းမှာ လစဉ်၊ နေ့စဉ် လူဘယ်နှစ်ယောက်လာပြီး ဘယ်အားကစားတွေကို ဘယ်လောက်လုပ်လဲဆိုတာ ကျွန်တော်တို့ လေ့လာခိုင်းမယ်။ အဲဒါ လေ့လာခိုင်းလို့ တကယ်ပဲ အားကစားရုံ တစ်ခုတည်းနဲ့ မလောက်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့က နောက်အားကစားရုံတစ်ခုကို ဖွင့်ပေးဖို့ ဝန်မလေးပါဘူး။ ဒါ ဘာကြောင့်ပြောရလဲဆိုတော့ ဒီလို အားကစားလုပ်မှပဲ ချင်းပြည်နယ်သူ/ ပြည်သားများက ကျန်းမာရေးကောင်းမှာပါ။ မဆုံဘူး၊ မလောက်ဘူးဆိုရင် ကျွန်တော်တို့ ဖြစ်အောင် လုပ်ပေးပါမယ်။ အဲဒီတော့ အဲဒါကို၊ ကျွန်တော်တို့က ဒါကို လေ့လာခိုင်းမှာပါ။ အကယ်၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးပြောတဲ့ အားကစားရုံက ရှိတော့ ရှိတယ်။ လူက ခြောက်တိခြောက်ကပ်ပဲ။ တစ်ရက်မှာမှ အယောက်(၂၀)လောက် လာကစားတယ်။ (၃၀)လောက် လာကစားတယ် ဆိုလို့ရှိရင်တော့ နောက်ထပ် ကျွန်တော်တို့ ဆောက်ပေးဖို့ အစီအစဉ် မရှိပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးကို တင်ပြချင်တာကတော့ ချင်းပြည်နယ်မှာရှိတဲ့ လူမှုရေးဝန်ကြီးနှင့် တိုင်ပင်ပြီးတော့ ချင်းပြည်နယ်ပြည်သူများ ကျွန်တော်တို့မှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပေးတဲ့ အားကစားကွင်းတွေ၊ မိုးလုံလေလုံတွေမှာ ပိုမိုပြီးကစားကြပါလို့ လွှတ်တော်ကိုယ်စားလှယ်ကြီး အနေနဲ့ ပံ့ပိုးပေးပါရန် မေတ္တာရပ်ခံပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁၂)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက် ၏ မေးခွန်းဖြစ်သော ပလက်ဝမြို့နယ်၊ ဆမီးတိုက်နယ် ဆေးရုံအသစ် တည်ဆောက်ပေးဖို့ကိစ္စနဲ့ ပတ်သက်၍ ကျွန်တော် ဖြေကြားမှာဖြစ်ပါတယ်။

ပလက်ဝမြို့နယ်မှာ လက်ရှိ ကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေတဲ့ ဆမီးတိုက်နယ် ဆေးရုံမြေနေရာဟာ (၁.၀၃)ဧကသာရှိတဲ့အတွက် ကုသရေးလုပ်ငန်းများ စနစ်တကျ ပိုမိုဆောင်ရွက်ရန် လုံလောက်တဲ့မြေနေရာ လိုနေတာကိုတွေ့ရပါတယ်။ တိုက်နယ်ဆေးရုံအသစ် ဆောက်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဆေးရုံလာတဲ့ ကုသတဲ့လူနာများ အဆင်ပြေဖို့၊ သွားလာဖို့ လွယ်လား၊ ခက်လား။ လျှပ်စစ်မီးများ ရှိလား၊ မရှိလား။ သွားဖို့ လမ်းရှိလား၊ မရှိလား။ ရေရလား၊ မရလား ကျွန်တော်တို့ ကြည့်ရပါတယ်။ ဒီ(၃)ခုမရဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဆောက်လို့မရပါဘူး။ ဆောက်တဲ့ အဆောက်အဦ ပြီးသွားမယ်။ သွားဖို့လမ်းက မရှိဘူး။ ရေမရှိဘူး။ မီးကလည်း မရှိဘူး၊ လုပ်လို့မရဘူး။ ရှိတဲ့ဆေးရုံကလည်း တကယ့်ကို အင်္ဂလိပ်လိုကတော့ Strategic Location ပေါ့။ တကယ့်အချက်အချာ ကျတဲ့နေရာမှာ ကျွန်တော်တို့ ဖြစ်ဖို့လိုပါတယ်။ ကျွန်တော်တို့ လေ့လာတဲ့အခါမှာ ဒီမှာ အဲဒီအချက်တွေက မရသေးဘူးဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးနဲ့ ဒီအစည်းအဝေး လွှတ်တော်မစခင်တော့ ပြောပါတယ်။ ဒါတွေတော့ လုပ်နေပြီလို့ ပြောပါတယ်။ အဲဒီတော့ ယခုတိုက်နယ်ဆေးရုံအသစ်အတွက် လျာထားသော မြေနေရာသစ်တွင် မြေလုံလောက်စွာ ပေးတာတော့ရှိပါတယ်။ သို့သော် ခုန ကျွန်တော်ပြောတဲ့ ဒီဟာကို ပံ့ပိုးပေးလိုတဲ့ ပတ်ဝန်းကျင်အခြေအနေ၊ အဆောက်အဦများ၊ မီး၊ ရေရရှိမှု အခြေအနေများကို ဖြည့်ဆည်းနိုင်ခြင်း လောလောဆယ်မရှိသေးတာကို တွေ့ရပါတယ်။ ယခု တိုက်နယ်ဆေးရုံအသစ် အတွက် လျာထားသောမြေနေရာသည် ပိုမိုကျယ်ဝန်းတဲ့အတွက် ကောင်းမွန်သော်လည်း ခုန ကျွန်တော်

ထပ်ပြီး ပြောချင်တာက ဒါတွေမရရင် ကျွန်တော်တို့ ဆောက်လို့မရပါဘူး။ ဆောက်ပြီးရင် ဒါတွေမရှိရင် ဒီဆေးရုံက ဆောက်တာပဲအဖတ်တင်နေမှာပါ။ အဲဒီတော့ လက်ရှိကျန်းမာရေးစောင့်ရှောက်မှုပေးနေတဲ့ တိုက်နယ်ဆေးရုံကတော့ ပြည်သူလူထုမှ လက်လှမ်းမီစွာ လာရောက်နိုင်ခြင်း၊ ဆေးရုံ၏ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ခြင်း၊ ကုသရေးလုပ်ငန်းများကို အထောက်အကူပြုနိုင်သော ပတ်ဝန်းကျင်အခြေအနေ များရှိခြင်းကို တွေ့ရပါတယ်။

တိုက်နယ်ဆေးရုံအသစ် လျာထားတဲ့မြေနေရာ အခြေအနေကတော့ ကုသရေးလုပ်ငန်းကို အထောက်အကူပြုတဲ့ ပတ်ဝန်းကျင် အခြေခံအဆောက်အဦများ ပေါ်ပေါက်လာတဲ့အချိန်မှာတော့ ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ စီမံကိန်း National Health Plan ၂၀၁၇-၂၀၂၂ ဒီမြို့နယ်မှာ ပါဝင်လာတဲ့ နှစ်မှာဆိုလို့ရှိရင် ကျွန်တော်တို့က ဖြည့်ဆည်းသွားဖို့ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ချက်တင်ပြ ချင်တာကတော့ လောလောဆယ် ဒီဆေးရုံမှာ လိုအပ်တဲ့ ဆရာဝန်အိမ်ရာ(၁)လုံး၊ (၄)ခန်းတွဲ ဝန်ထမ်း အိမ်ရာ(၂)လုံးတို့ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေနဲ့ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောက်လုပ်လျက်ရှိပါတယ်။ ဝန်ထမ်းတွေ အိမ်ရာကတော့ ဆောက်နေပါပြီ။

အဲဒီတော့ လက်ရှိမှာ ကျွန်တော်တို့ ဆေးရုံမှာ လိုအပ်ချက်တွေကိုတော့ အမြန်ဆုံး ဖြည့်ဆည်း ပေးမှာဖြစ်ပါတယ်။ သူနာပြု(၃)ဦး ခန့်ထားပြီး (၂)ဦး ထပ်မံတောင်းပါသည်။ ကျွန်တော်တို့ ပြည်နယ် ဦးစီးမှူး ညွှန်ကြားရေးမှူး(၁)ဦး ထပ်ပေးဖို့လျာထားပါတယ်။ Oxygen Concentrator နှစ်လုံး လိုအပ်ပါသည်။ ကျွန်တော်တို့ (၁)လုံး ထပ်ဖြည့်ပေးပါမယ်။ ဓာတ်ခွဲကျွမ်းကျင်-၄ ဝန်ထမ်းရှိပြီးဖြစ်သဖြင့် ဝန်ထမ်းမလိုသော်လည်း ဓာတ်ခွဲလုပ်ငန်းဆိုင်ရာပစ္စည်းများ ဖြည့်တင်းရန် ပြောတာလည်း ကျွန်တော်တို့ ဓာတ်ခွဲဆိုင်ရာပစ္စည်းများ ဖြည့်တင်းပေးပါမယ်။ ခွဲစိတ်အတွက်ကတော့ ခွဲစိတ်ခန်းတိုးချဲ့ပေးပါရန် အလျား ပေ(၃၀)၊ အနံပေ(၃၀)၊ အဲဒီတော့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြုပြင်မွမ်းမံရန်ပုံငွေနဲ့ ကျွန်တော် ဆောင်ရွက်ပေးပါမယ်။ လူနာ နှစ်ထပ်ဆောင် ဆောက်လုပ်ပေးဖို့ တောင်းပါတယ်။ မြေနေရာအသစ်တွင် ဆေးရုံလျာထားတည်ဆောက်မည်ဖြစ်၍ အခုလောလောဆယ်တော့ မဆောက်သေးပါဘူး။ အကယ်၍ နောက်ဆုံး ဆေးရုံအသစ် ဆောက်လုပ်တဲ့အချိန်မှာတော့ ဒါကို ကျွန်တော်တို့ ဆောက်ပေးပါမယ်။ (၆)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးဖို့ တောင်းဆိုထားပါတယ်။ အဲဒီတော့ ၂၀၁၇-၂၀၁၈ ခုနပြောတဲ့ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆရာဝန်အိမ်ရာနှင့် (၄)ခန်းတွဲ ဝန်ထမ်းအိမ်ရာ(၂)လုံးကို တည်ဆောက်လျက်ရှိတယ်ဆိုတာကို ကျွန်တော် တင်ပြအပ်ပါတယ်။ ကျွန်တော် အားလုံးကို ကျေးဇူးတင် ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး ၏ မေးခွန်းဖြစ်သော နတ်မောက်မြို့နယ်၊ ဆုံကုန်းကြီးကျေးရွာ အုပ်စု၊ ဆုံကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ရန် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးခြင်း ရှိ/မရှိနဲ့ ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်မှာတော့ တိုက်နယ်ကျန်းမာရေး ဌာန(၁)ခု၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၄၂)ခု၊ မိခင်နှင့်ကလေး

ကျန်းမာရေးဌာန(၁)ခုနှင့် ဝန်ဆောင်ပေးလျက်ရှိပါတယ်။ ဝန်ဆောင်ပေးတဲ့အခါမှာလည်း ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးမှာဆိုရင် ကျန်းမာရေး-၁ က (၁)ဦး၊ မြို့နယ်သူနာပြုအဆင့်-၁ (၁)ဦး၊ လက်ထောက် ကျန်းမာရေးမှူး(၁၀)ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၂)ဦး၊ ကျန်းမာရေးဆရာမ(၈)ဦး၊ သားဖွား ဆရာမ(၆၂)ဦး၊ ကျန်းမာရေးကြီးကြပ်-၂ (၄၃)ဦး၊ ကျောက်ထိုး(၂၃)ဦးနှင့် နတ်မောက်မြို့နယ် လူဦးရေ (၂၄၀၀၀၀)ကျော်ကို ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ ပေးလျက်ရှိပါတယ်။

နတ်မောက်မြို့နယ်သည် လွှတ်တော်ကိုယ်စားလှယ်ကြီးတောင်းတဲ့ ဆုံကုန်းကြီးကျေးရွာကတော့ ရွှေပန်းတော တိုက်နယ်ကျန်းမာရေးဌာနလက်အောက်မှာရှိတဲ့ ဌာနခွဲပိုင် ကျေးရွာ(၇)ရွာအနက်မှ ကျေးရွာ(၁)ရွာဖြစ်ပါတယ်။ အဲဒီတော့ ဒီကျွန်းချောင်း ကျေးလက်ကျန်းမာရေးဌာန(ခွဲ)နဲ့ (၇)မိုင် ဝေးပါ တယ်။ ရွှေပန်းတော တိုက်နယ်ကျန်းမာရေးဌာနနဲ့ (၂၁)မိုင်ဝေးပြီး ဆုံကုန်းကြီးကျေးရွာဟာ ကျေးလက် ကျန်းမာရေးဌာန(ခွဲ) ဖွင့်လှစ်ခွင့်ရမည် ဆိုလို့ရှိရင်တော့ သူ့မှာရှိတဲ့ကျေးရွာ(၄)ရွာ၊ အိမ်ခြေ(၅၀၀)ခန့် နှင့် လူဦးရေ(၂၀၀၀)ကျော်နှင့် အနီးနားပတ်ဝန်းကျင်ကို ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုလွှမ်းခြုံနိုင်မှာ ဖြစ်ပါတယ်။ ကျေးလက်ကျန်းမာရေးဌာနအတွက် မြေဧရိယာ(၀.၅၀)ဧကကိုလည်း ပိုင်ဆိုင်ထားရှိ ပြီးတော့ အဆောက်အဦကို ပြည်သူ့ကျန်းမာရေး Foundation က ကူညီဆောက်လုပ်ထားရှိပြီးဖြစ်ပါတယ်။ အဲဒီတော့ လူဦးရေများပြားခြင်း၊ မြေပိုင်ဆိုင်မှုရှိခြင်း၊ တည်ဆောက်ပြီးခြင်းတို့အပြင် မကွေးတိုင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနကလည်း ကျွန်တော် ထောက်ခံတင်ပြထားတဲ့အတွက် ဖွဲ့စည်းပုံ ခွင့်ပြုမိန့် ရရှိဖို့ ကျွန်တော်တို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အမျိုးသားကျန်းမာရေးစီမံကိန်းနှင့် ညှိနှိုင်း ပြီးတော့ ကျွန်တော်တို့ ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေဦးစီးဌာနများသို့ သဘောထားမှတ်ချက်တောင်းမယ်။ သဘောထားရလို့ရှိရင် ကျွန်တော်တို့ အစိုးရအဖွဲ့ကို တင်မယ်။ အစိုးရအဖွဲ့က သဘောတူလို့ရှိရင် ကျွန်တော်တို့ Cabinet ကို တင်ပြီး ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒါဆောက်မယ်ဆိုလို့ရှိရင်တော့ ကျပ်သိန်း(၆၃၀)ကုန်မှာပါ။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ တင်ပြနေတာက ဒီနေရာ၊ ဒီအချိန်အခါမှာ ကျွန်တော်က ဒါကို လိုတယ်လို့ ကျွန်တော်ပြောပြီးပေးမယ်လို့ ပြောပါတယ်။

သို့သော်လည်း ကျွန်တော်တို့ ပြန်ကြည့်ရတာက ဒီ ဘတ်ဂျက် Year မှာဆိုလို့ရှိရင် တိုင်းနှင့် ပြည်နယ်(၁၅)ခုက တက်လာတာတွေ အကုန်ပြန်တန်းစီရပါတယ်။ တန်းစီပြီး ကျွန်တော် ဦးစားပေး ပြန်လုပ်ရတယ်။ အဲဒီအခါကျတော့ ဒီဥစ္စာကို ၂၀၁၈-၂၀၁၉ မှာ ရမယ်လို့ ကျွန်တော် ဒီမှာ ဖြေသော် ငြားလည်း ဒါထက်အရေးကြီးတဲ့ ကျန်းမာရေးဌာန၊ ဌာနခွဲတွေ ပါသွားလို့ရှိရင်တော့ ဒီဟာ ၂၀၂၀-၂၀၂၁ လည်း ဖြစ်သွားနိုင်ပါတယ်။ သို့သော် ဒီဟာပေးမယ်ဆိုတာတော့ သေချာသလောက်ဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သိပ်တော့ ပိုက်ဆံမကုန်ပါဘူး။ ကျပ်သိန်း(၆၃၀)ဆိုတော့ ဒါ ကျွန်တော် ဒီနှစ်မှာ ပေးဖို့တော့ အတတ်နိုင်ဆုံး ကျွန်တော် ဆောင်ရွက်မည်ဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီး တင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများအလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၂၇-၁၀-၂၀၁၇ ရက်နေ့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက အဆိုတင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၂၂-၁၁-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်းပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၄၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့ အသိပေးတင်ပြအပ်ပါတယ်။

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် တင်သွင်းထားတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ရဲ့အဆိုကို အကြံပြုဆွေးနွေးမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ဓနုတိုင်းရင်းသားနယ်မြေ အပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာ အနေနဲ့ မြေပေါ်၊ မြေအောက် သယံဇာတများဟာ လူဦးရေ၊ မြေဧရိယာအကျယ်အဝန်းနဲ့မမျှအောင် ပေါကြွယ်ဝလှပါတယ်။ ကျွန်မရဲ့ ရှမ်းပြည်နယ်အတွင်းကိုပဲ အနည်းအကျဉ်းကိုးကားပြီး ဆွေးနွေး ပါမယ်ရှင်။ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ် နယ်နိမိတ်စပ်ကြားမှာ ပေ(၇၇၅၂)ပေမြင့်တဲ့ အရှေ့မြင်အနောက်မြင်တောင် တည်ရှိပါတယ်။ ရှမ်းပြည် နယ်ရဲ့ အမြင့်ဆုံးတောင်လို့ ဆိုကြပါတယ်။ အရှေ့မြင်အနောက်မြင်တောင်ဟာ တောင်တက်အဖွဲ့တွေ၊ လေ့လာသူတွေများပြီး ဆေးဖက်ဝင်အပင်၊ အဖိုးတန် ရှားပါးသစ်ခွနဲ့ ဇီဝမျိုးစုံမျိုးကွဲတွေ များပြားစွာနဲ့ သာယာလှပတဲ့နေရာဖြစ်ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာတော့ အားလုံးဟာ မျိုးတုံးပျောက်ကွယ် လုနီးပါးရှိနေပြီး သဘာဝအလှတွေပါ ပျက်စီးနေပါပြီ။ အထူးသဖြင့် အရှေ့မြင်အနောက်မြင်တောင်ရဲ့ စိမ့်စမ်းရေထွက်တွေကနေ ပန်းလောင်မြစ် ဖြစ်ပေါ်လာပြီး ကင်းတားဆည်၊ ကင်းတားရေလှောင်တမံ ဖြစ်တည်လာပါတယ်။ ပင်းတယမြို့ရဲ့ ဇော်ဂျီရေထွက်ဦးအစကနေ ဇော်ဂျီမြစ်ဖြစ်ပေါ်လာပြီး မြို့ကြီးဆည် ဖြစ်တည်လာတာပါ။ ကင်းတားနဲ့ မြို့ကြီးရေလှောင်တမံကနေ မိတ္ထီလာ၊ သာစည်၊ ကျောက်ဆည်၊ မြစ်သားနယ်တွေရဲ့ လယ်ဧကများစွာတွေကို အကျိုးပြုနေပါတယ်။ ဒါကြောင့် ရေထွက်ဦးအစတွေကို ထိန်းသိမ်းကာကွယ်ထားဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ရွာငံမြို့ရဲ့ ပြဒါးလင်းဂူ ဘေးမဲ့တောအတွင်းမှ အဖိုးတန် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စတဲ့ သစ်မာရှားပါးတဲ့ ပစ္စည်းတွေကလည်း အခုဆိုရင် ကုန်သလောက်နီးပါး ရှိကုန်ပါပြီ။

ရှမ်းပြည်နယ်အလယ်ပိုင်း၊ မိုင်းရှူးဒေသရဲ့ မိုင်းရှူးတောင်မှာ ၁၉၉၁ ခုနှစ်လောက်ကစပြီး (၅)နှစ်လောက်အထိ အဖိုးတန်ကျောက်မျက်ရတနာတွေ ကောင်းကောင်းထွက်ရှိခဲ့ပါတယ်။ လက်ရှိ အချိန်မှာတောင်မှ တူးယူနေကြပါသေးတယ်။ ဒါပေမဲ့ ဒေသခံတိုင်းရင်းသားတွေမှာတော့ ဖွံ့ဖြိုးမှု နောက်ကျ ကျန်နေဆဲ ရှိပါသေးတယ်ရှင်။ ရှမ်းပြည်နယ်အရှေ့ပိုင်းတွင် ရွှေတူးဖော်နေတာဆိုရင်လည်း တာလေမြို့နယ်အတွင်းမှာရှိတဲ့ နားဟိုင်းလုံကျေးရွာအနီးမှာ တောင်ကတုံးတွေဖြစ်ပြီး တရားဝင်တာရော၊ တရားမဝင်တာတွေရော တူးဖော်နေကြတဲ့အတွက် ရွာတောင်မှ ရွှေ့ပြောင်းရမယ့်အခြေအနေတွေ ရောက်ရှိ နေပါပြီ။

တာချီလိတ်မြို့နယ်အတွင်းမှာရှိတဲ့ ပို့လို့ဝ်ကျေးရွာအနီးမှာ ရွှေတူးဖော်သည့် ရေဆိုးရေညစ် တွေကြောင့် ဒေသခံတောင်သူတွေရဲ့ စိုက်ခင်းတွေလည်း ပျက်စီးစေပြီး ရေကြောင်းတွေလည်း ပျက်စီး တိမ်ကောနေပါတယ်။ မြေစာပုံတွေကြောင့် မဲခေါင်မြစ်အတွင်းကို စီးဝင်တဲ့ မယ်ဟုတ်ကျွန်းဟာ လမ်းကြောင်းပြောင်းပြီး ပြည်ထောင်စုလမ်းမကြီးကို အန္တရာယ်ကြီးစွာ နီးကပ်လာနေပါတယ်။ မိုင်းဖြတ်မှ

တာချီလိတ်သို့ စီးဆင်းရာ တာလေချောင်းအတွင်းမှ ဖောင်ဖြင့်တူးဖော်နေတဲ့အတွက် ရေလမ်းကြောင်းတွေလည်း ပြောင်းလဲပျက်စီးနေရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုဖို့ တောင်းခံအပ်ပါတယ်ရှင်။ ဒါဟာ ကျွန်မတို့ အရှေ့မြင်အနောက်မြင်တောင် ဖြစ်ပါတယ်ရှင်။ ဒါက တောင်ထိပ်ကိုရောက်ရှိတဲ့ပုံဖြစ်ပါတယ်။ ဒါက တောင်ဇလပ်ပန်းတွေ ပွင့်နေတာပါ။ ဒါက တောင်တက်တဲ့မြင်ကွင်းပါ။ ဒါက ကျွန်မတို့ရဲ့ ရှုခင်းတွေပါ။ ဒါက ရှားပါးသစ်ခွနှင့် ဆေးဖက်ဝင်အပင်တွေ ပွင့်နေတဲ့အပင်တွေပါ။ ဒါက ပန်းလောင်မြစ်ဖြစ်တည်ရာ စိမ့်စမ်းရေချောင်းတွေရဲ့အစပါရှင်။ ဒါက ဇော်ဂျီရေထွက်ဦးအစပါ။ ဇော်ဂျီချောင်း ဖြစ်ပြီးတော့မှ မြို့ကြီးဆည်ဖြစ်တည်လာတဲ့နေရာပါ။ အရင်တုန်းက အဲဒီ ဇော်ဂျီချောင်းဘေးမှာ ထင်းရှူးတောတွေက ပိန်းပိတ်မှောင်အောင်ရှိနေခဲ့ပေမယ့် ယခု လက်ရှိမှာတော့ မရှိတော့ပါဘူးရှင်။ ဒါက ပြဒါးလင်းဂူဘေးမဲ့တောပါ။ အခုအချိန်မှာတော့ ဒီလို မရှိတော့ပါဘူးရှင်။ ဒါက မိုင်းရှူးတောင် ရှုခင်းပါ။ ဒါက မိုင်းရှူးကျောက်တွေပါ။ ဒါက တာလေမြို့နယ် အတွင်းမှာရှိတဲ့ တောင်ကတုံးပြင်တွေ ဖြစ်နေတဲ့ရွာပါ။ ဒါက စိုက်ခင်းတွေ ပျက်စီးနေတာပါ။ ဒါက ရေတွေ ပျက်စီးတိမ်ကော လာနေတာပါ။ ဒါက စွန့်ပစ်မြေစာပုံကြောင့် မြစ်ရေလမ်းကြောင်းတွေ ပြောင်းလဲသွားတဲ့ပုံပါ။ ဒါက ပြည်ထောင်စုလမ်းမကြီးနဲ့ နီးကပ်လာပြီးတော့မှ အန္တရာယ်အများကြီး ရှိနေပါပြီ။ ဒါကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ လွှတ်တော်ကိုယ်စားလှယ်ကိုယ်တိုင် တရားမဝင်တူးဖော်နေတာကို သွားရောက်ကြည့်ရှုခဲ့တဲ့နေရာဖြစ်ပါတယ်။ ဒါကတော့ ဖောင်နဲ့ရေချောင်းအတွင်းမှာ တူးဖော်နေတဲ့ပုံဖြစ်ပါတယ်။ ဒါက ဖောင်တွေနဲ့ တူးတာတွေကို သစ်ပင်တွေ၊ သစ်ခက်တွေနဲ့ အုပ်ထားတဲ့ပုံတွေဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီလို သဘာဝသယံဇာတတွေ ဆုံးရှုံးနေရတာတွေဟာ ပြည်တွင်းစစ်နဲ့ မအေးချမ်းတဲ့ဒေသတွေကို အကြောင်းပြုပြီး တာဝန်ယူဆောင်ရွက်မှု အားနည်းခဲ့ရတဲ့အတွက် ဆုံးရှုံးခဲ့ရတာတွေပါ။ ဒါကြောင့် ပြည်ထောင်စုကြီး အေးချမ်းပြီး စည်းလုံးညီညွတ်ကြမယ်ဆိုရင် တရားဥပဒေစိုးမိုးရေး အားကောင်းလာပါက နိုင်ငံတော်သာမကပဲ ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ရန် အထူးလိုအပ်နေပြီဖြစ်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်လိုက်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

ပြဒါးလင်းဂူ ဘေးမဲ့တော မြင်ကွင်းပုံ (ရ)



မိုင်းရှူးတောင် မြင်ကွင်းပုံ (ရ-၁)



မြစ်ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် ပြည်ထောင်စုလမ်းမကြီးနှင့် နီးကပ်လာပုံ (ရ-၂)



**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကိုယ်စားလှယ်အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရွှေရွှေစိန်လတ် ပဲ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ရဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်ပြီးတော့ အဆိုကိုဆွေးနွေးတဲ့အခါမှာ ကျယ်ပြန့်လွန်းတဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ ကတော့ အဓိက အခုလက်ရှိဆောင်ရွက်နေတဲ့ EITI နှင့်ပတ်သက်ပြီးတော့မှ EITI ကျွန်မတို့နိုင်ငံကနေ ပြီးတော့မှ ၂၀၁၅ ခုနှစ်မှာ အဖွဲ့ဝင်ခဲ့တဲ့ တွင်းထွက်သယံဇာတ တူးဖော်ရေးလုပ်ငန်းများနှင့် ပွင့်လင်းမြင်သာမှုရှေ့ဆောင်အဖွဲ့မှာ အဖွဲ့ဝင်နိုင်ငံဖြစ်တဲ့အတွက်ကြောင့် အဲဒီအဖွဲ့ရဲ့ အစီရင်ခံစာနှင့်ပတ်သက်ပြီးတော့သော်လည်းကောင်း၊ ကျွန်မတို့ရဲ့ ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းနှင့်သော်လည်းကောင်း၊ အခွန်ဘဏ္ဍာငွေရရှိမှုနှင့် ပတ်သက်ပြီးတော့လည်းကောင်း အဓိက ဖောင်းပေးပြီးတော့မှ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဖေချစ် ရဲ့ အဆိုထဲမှာဆိုလို့ရှိရင် ကျွန်မတို့ နိုင်ငံမှာ ဒီသစ်တောသယံဇာတတွေ အများကြီးပဲ ဆုံးရှုံးနေတယ်။ နှစ်စဉ်နှစ်တိုင်းလည်း ကျွန်မတို့ ဒီ သစ်တောကဏ္ဍကနေပြီးတော့မှ ကျွန်မတို့ ဒီ ဆုံးရှုံးတဲ့ဝင်ငွေတွေရှိတယ်။ နောက်တစ်ခါမှာ သစ်တော ကဏ္ဍနဲ့ ပတ်သက်ပြီးတော့မှ ကျွန်မတို့ အခွန်အခတွေ ရဖို့လိုသလို တစ်ခါ ရွှေလုပ်ငန်း၊ သတ္တု ကဏ္ဍတွေမှာဆိုရင်လည်း ကျွန်မတို့ အခွန်အခတွေ ဆုံးရှုံးနေတာ တွေ့ရပါတယ်။ သူ့ရဲ့အဆိုမှာ

ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံမှာ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရဲ့ အစီရင်ခံစာအရ ကျွန်မတို့ နိုင်ငံတော်အစိုးရကို ရွှေတူးဖော်တဲ့ကုမ္ပဏီတွေကနေပြီးတော့မှ ပေးသွင်းရမယ့်ရွှေတန်ချိန် (၆.၄)တန် ရှိတယ်ပေါ့နော်။ အဲဒါကို ကျွန်မတို့ ယခုပေါက်စျေးနဲ့ တွက်လိုက်မယ်ဆိုရင် ကျပ်(၃၅၂) ဘီလီယံ ရှိပါတယ်။

ဒါဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံရဲ့ ဒီ အခွန်ဘဏ္ဍာဝင်ငွေဟာ ကျပ်(၃၅၂)ဘီလီယံ လျော့နည်းတယ်။ ဒါဟာ နှစ်စဉ်သော်လည်းကောင်းပေါ့နော်။ Total သော်လည်းကောင်း ဖြစ်နိုင်တယ်။ တစ်ခါ ကျွန်မတို့ ပြီးခဲ့တဲ့လွှတ်တော်သက်တမ်းတုန်းကလည်း ကျွန်မတို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေ ဆွေးနွေးခဲ့ပါတယ်။ အဲဒီမှာဆိုလို့ရှိရင် ကျွန်မတို့ ဒီရွှေလုပ်ကွက်တွေကနေပြီးတော့မှ တစ်နှစ်ကို ကျပ်(၅၅) ဘီလီယံပေါ့။ လုပ်ကွက်(၃)ခုကနေပြီးတော့မှ ကျွန်မတို့ ပေးသွင်းဖို့ ရှိတယ်ဆိုတော့ ဒါဟာ ကျွန်မတို့တိုင်းပြည်ရဲ့ သယံဇာတတန်ဖိုးပေါ့နော်။ ဒီတန်ဖိုးတွေကနေ ကျွန်မတို့ ဝင်ငွေတွေ လျော့နည်းသွားတယ်။ တကယ်လို့သာ အဲဒီကရရှိတဲ့ အခွန်အခတွေကို ကျွန်မတို့ ပွင့်လင်းမြင်သာမှုရှိစွာ ပေးဆပ်နိုင်မယ်။ နိုင်ငံတော်ကလည်း ဒါတွေကို စီမံခန့်ခွဲနိုင်မယ်ဆိုလို့ရှိရင် ကျွန်မတို့ ဒီရရှိတဲ့ အခွန်အခတွေကနေပြီးတော့မှ သဘာဝသယံဇာတတွေ၊ ထုတ်လုပ်မှုကြောင့် ဆုံးရှုံးသွားတဲ့ ပတ်ဝန်းကျင်တွေ၊ နောက်အခါမှာ လူမှုစီးပွားရေး၊ ယဉ်ကျေးမှုအမွေအနှစ် ဒါတွေကို ကျွန်မတို့ ပြန်လည်ပြီးတော့မှ ထိန်းသိမ်းနိုင်မှာဖြစ်ပါတယ်။ ဒီနှစ်မှာ ၂၀၁၆ ခုနှစ်မှာ ဒီ RGI လို့ခေါ်တဲ့ Resource Governance Index မှာဆိုရင် ကျွန်မတို့ရဲ့ကျောက်စိမ်းကဏ္ဍ ထုတ်လုပ်မှုဟာ ကမ္ဘာပေါ်မှာဆိုလို့ရှိရင် ကျွန်မတို့ စီမံကိန်းရဲ့ အစီရင်ခံစာအရဆိုရင် ကျွန်မတို့က အဆင့်(၁၀၀)မှာဆိုလို့ရှိရင် ကျွန်မတို့က(၂၇)ပေါ့နော်။ ဒီ(၈၉)နိုင်ငံမှာဆို (၈၃)ရှိတယ်။ အဲဒီမှာ ဘာကြောင့် အရမ်းနည်းလဲဆိုလို့ရှိရင် ကျွန်မတို့ ဒီ လိုင်စင်ချထားပေးတဲ့လုပ်ငန်းဟာ တော်တော်လေးကိုပဲ အားနည်းမှုရှိနေပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့ ဒီ သတ္တုလုပ်ငန်းတွေ၊ ကျောက်စိမ်းတူးဖော်တာတို့၊ နောက်တစ်ခါ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ သဘာဝသယံဇာတတွေ ထုတ်လုပ်တဲ့လုပ်ငန်းတွေမှာ ကျွန်မတို့ လိုင်စင်ချထားပေးမှုလုပ်ငန်းတွေဟာ အလွန်ပဲအားနည်းနေတဲ့အတွက်ကြောင့်မို့လို့ ဒီကဏ္ဍတွေမှာ ပွင့်လင်းမြင်သာမှုရှိအောင် ကျွန်မတို့ ဆောင်ရွက်ဖို့ အများကြီးလိုအပ်ပါတယ်။ ဒီဟာနှင့်ပတ်သက်ပြီးတော့လည်း ကျွန်မတို့နိုင်ငံမှာဆိုလို့ရှိရင် ဒီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်ပြီးတော့မှ ကျွန်မတို့ ဒီ ဥပဒေတွေ၊ နည်းဥပဒေတွေလည်း အများကြီးပဲ ကျွန်မတို့ ထုတ်ထားတာရှိပါတယ်။

ဥပမာဆိုလို့ရှိရင် ကျွန်မတို့ ဒီနိုင်ငံမှာ လက်ရှိပေါ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနကနေပြီးတော့မှ ထုတ်ပြန်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ဆိုင်ရာလုပ်ထုံးလုပ်နည်းတွေ (၁၁)ခုရှိပါတယ်။ အဲဒီအထဲမှာဆိုရင် ၁၉၉၂ ခုနှစ်မှာ သစ်တောဥပဒေ၊ နောက်တစ်ခါ ၁၉၉၄ ခုနှစ်မှာ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ ဒီဥပဒေကိုလည်း ကျွန်မတို့ အမျိုးသားလွှတ်တော်က အခုဆိုရင် ပြန်လည် ပြင်ဆင်ဖို့တော့ ဆွေးနွေးထားတာဖြစ်ပါတယ်။ တစ်ခါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ ခုနှစ်၊ သစ်တောနည်းဥပဒေ ၁၉၉၅ ခုနှစ်၊ တစ်ခါ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးထိန်းသိမ်းရေး နည်းဥပဒေ ၂၀၀၂ ခုနှစ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေ ၂၀၁၄ ခုနှစ်၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ ၁၉၉၅ ခုနှစ်၊

အိုဇုန်းလွှာပျက်စီးစေတဲ့ ဓာတ်ပစ္စည်းများဆိုင်ရာလုပ်ကိုင်ခြင်းများ အိုဇုန်းအမိန့်ပေါ့နော်။ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာလုပ်ငန်းများ ၂၀၁၅ ခုနှစ်မှာ EIA ကို ထုတ်ပြန်ခဲ့ပါတယ်။ တစ်ခါ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးထုတ်လုပ်မှု ၂၀၁၅ မှာပေါ့နော်။ ဒီ EQS နဲ့ပတ်သက် ပြီးတော့လည်း ထုတ်ပြန်ထားပါတယ်။ တစ်ခါ ဘေးအန္တရာယ်ရှိတဲ့ စွန့်ပစ်ပစ္စည်းများစာရင်းမူကြမ်း ကိုလည်း ကျွန်မတို့ ထုတ်ပြန်ထားတာဖြစ်ပါတယ်။ နောက်တစ်ခါ မူဝါဒနှင့် ပတ်သက်ပြီးတော့လည်း နိုင်ငံအဆင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ ၂၀၀၉ ခုနှစ်၊ အမျိုးသားပတ်ဝန်းကျင် ရေးရာမူဝါဒ ၁၉၉၄ ခုနှစ်၊ အခု ၂၀၁၇ ခုနှစ်မှာ အတည်ပြုချက် ရယူနေတာကတော့ မြန်မာနိုင်ငံ ပတ်ဝန်းကျင် ရေးရာမူဝါဒတွေ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒါကိုကြည့်လိုက်လို့ရှိရင် ကျွန်မတို့နိုင်ငံမှာ ဒီ ပတ်ဝန်းကျင် သယံဇာတ ပေါ့နော်။ ပတ်ဝန်းကျင်နှင့် ပတ်သက်ပြီးတော့မှ ထိန်းသိမ်းဖို့အတွက် ဥပဒေတွေ ထုတ်ပြန်ထားတာ ရှိတယ်။ မူဝါဒတွေ ထုတ်ပြန်ထားတာရှိတယ်။ သို့သော်လည်းပဲ လိုအပ်နေတာကတော့ ကျွန်မတို့ ဒါကို တကယ်ပဲ အကောင်အထည်ဖော်မှု အားနည်းနေတယ်။ ပြည်သူတွေကနေပြီးတော့မှ ပြည်သူတွေ သော်လည်းကောင်း၊ လုပ်ငန်းရှင်တွေသော်လည်းကောင်း၊ စီးပွားရေးလုပ်ငန်းရှင်တွေသော်လည်းကောင်း၊ နောက်အခါမှာ ဌာနဆိုင်ရာတာဝန်ရှိသူတွေလည်းကောင်း လက်ရှိထုတ်ပြန်ထားတဲ့ ဥပဒေတွေအတိုင်း အတိအကျ အကောင်အထည်ဖော်ဖို့၊ လိုက်နာဖို့မှာ ကျွန်မတို့ အားနည်းနေပါတယ်။

ဒါကြောင့်မို့လို့လည်း ကျွန်မတို့ ခုနက ဒီ EITI ရဲ့ Report မှာ Resource Governance Index သယံဇာတအုပ်ချုပ်စီမံမှုအညွှန်းကိန်း၊ ဒီ ကောင်းမွန်တဲ့သယံဇာတအုပ်ချုပ်မှု၊ စီမံမှုမှာ ကျွန်မတို့ အားနည်းနေရခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မအနေနဲ့ ဒီမှာ အဓိက တိုက်တွန်း ချင်တာကတော့ နိုင်ငံတော်မှာ တာဝန်ယူနေတဲ့ ကဏ္ဍအသီးသီးပေါ့နော်။ ကျွန်မတို့ ဥပဒေ ပြုရေးကဏ္ဍမှာလည်း ပိုမိုကောင်းမွန်တဲ့ ဒီ သဘာဝသယံဇာတအရင်းအမြစ်တွေကို စီမံအုပ်ချုပ်မှုနဲ့ လည်းကောင်း၊ ထုတ်လုပ်ရေးနှင့်ပတ်သက်လို့သော်လည်းကောင်း၊ အခွန်ဥပဒေတွေသော်လည်းကောင်း၊ ကျွန်မတို့ ဒီ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေ၊ မူဝါဒတွေသော်လည်းကောင်း ကျွန်မတို့ လွှတ်တော်ကနေပြီးတော့မှ ပိုမိုအားကောင်းပြီးတော့ ပိုမိုခိုင်မာပြီးတော့မှ လက်တွေ့နှင့် ကိုက်ညီမှုရှိတဲ့ ဥပဒေတွေကို ပိုပြီး ဆက်လက်ပြီးတော့မှ ပြုနိုင်ဖို့၊ မူဝါဒတွေ ရေးဆွဲနိုင်ဖို့နဲ့ လက်ရှိ တည်ဆဲ ဥပဒေတွေကို ကျွန်မတို့ ပြည်သူအများသိရှိဖို့အတွက် ဆောင်ရွက်နိုင်ဖို့လိုသလို၊ အုပ်ချုပ်ရေးကဏ္ဍက နေပြီးတော့မှ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများအတိုင်း အတိအကျလိုက်နာ အကောင်အထည်ဖော်ဖို့၊ နောက်တစ်ခါမှာ ဒီလိုင်စင်တွေချထားတဲ့ လုပ်ငန်းတွေမှာသော်လည်းကောင်း၊ အခွန်အခတွေ ကောက်ယူတဲ့ လုပ်ငန်းတွေမှာသော်လည်းကောင်း၊ ကျွန်မတို့ တည်ဆဲဥပဒေများနှင့်အညီ တိတိကျကျ လိုက်နာပြီးတော့မှ အရေးယူမှုများကိုလည်း ဆောင်ရွက်ဖို့ ဒါကို လိုအပ်ပါတယ်။

စီးပွားရေးလုပ်ငန်းရှင်များအနေနဲ့လည်း ကျွန်မတို့နိုင်ငံဟာ တကယ်ပဲ ဘဏ္ဍာငွေအများကြီး ကိုပဲ လိုအပ်နေတယ်။ ဘဏ္ဍာငွေလိုအပ်မှု များစွာရှိနေတဲ့အတွက်ကြောင့်မို့လို့ မိမိရဲ့အကျိုးစီးပွား တစ်ခုတည်းကို မကြည့်ဘဲနဲ့ နိုင်ငံသူ၊ နိုင်ငံသားများ၊ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားကို ကြည့်ပြီး တော့မှ မိမိတို့ပေးဆောင်ရမယ့် အခွန်အခတွေကိုလည်း ပြည့်ပြည့်ဝဝပေးဆောင်ဖို့ ကျွန်မ ဒီနေရာက တိုက်တွန်းချင်ပါတယ်။ တရားဥပဒေစိုးမိုးရေးကို တာဝန်ယူနေတဲ့ ဥပဒေပြုရေးမဏ္ဍိုင်ဘက်ကနေပြီး

တော့လည်း ကျွန်မတို့ သယံဇာတတွေက တိုင်းပြည်ရဲ့အနာဂတ်အတွက် အရမ်းအရေးကြီးလို့ မျိုးဆက်တွေအတွက်လည်း ကျွန်မတို့ ဒါက အမွေကောင်းတွေ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်မှာ ပိုပြီးတော့ ကောင်းမွန်တဲ့ ပတ်ဝန်းကျင်တွေ၊ ဂေဟာစနစ်တွေ၊ နောက်တစ်ခါမှာ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းနိုင်ဖို့အတွက် ဒီတရားစီရင်ရေး မဏ္ဍိုင်ဘက်ကနေပြီးတော့မှလည်း တည်ဆဲဥပဒေများနှင့်အညီ တိတိကျကျ အရေးယူဖို့အတွက် ကျွန်မအနေနဲ့ ဒီနေရာကနေပြီးတော့မှ တိုက်တွန်းချင်ပါတယ်။ အဲဒီအပြင် ကျွန်မတို့ ခုနတုန်းကပြောတဲ့ ကောင်းမွန်တဲ့ သယံဇာတစီမံအုပ်ချုပ်မှုမှာ EITI အဖွဲ့ဝင်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီ EITI မှာဆိုလို့ရှိရင် သုံးပွင့်ဆိုင်ဆောင်ရွက်မှုရပါတယ်။ ဒါကြောင့်မို့လို့ အစိုးရရယ်၊ ပြည်သူလူထု ရယ်၊ လုပ်ငန်းရှင်တွေရယ် သုံးပွင့်ဆိုင်ဆောင်ရွက်ပြီးတဲ့အခါမှာ သဘာဝသယံဇာတတွေနဲ့ ပတ်သက်တဲ့ ထုတ်လုပ်မှုတွေ၊ နောက်တစ်ခါမှာ အခွန်အခရရှိမှုတွေ၊ သတင်းအချက်အလက်တွေကို ပြည်သူတွေ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ဖို့အတွက် ပူးပေါင်းဆောင်ရွက်ဖို့ အချိန်တန်ပြီ။ ပူးပေါင်းဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၆။**

**ဗိုလ်မှူးကျော်စိုးဦး၊ တပ်မတော်သားကိုယ်စားလှယ်။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ ကိုယ်စားလှယ်များအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်က တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကျော်စိုးဦး ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၉) မဲဆန္ဒနယ်မှ ဦးဖေချစ် ရဲ့ အဆိုကို အကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ သဘာဝသယံဇာတများ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်တာနှင့်အညီ ပတ်ဝန်းကျင်အိမ်နီးချင်းနိုင်ငံတွေနဲ့ မတူကွဲပြားတဲ့ ရေမြေသဘာဝမျိုးစုံ၊ ဇီဝဂေဟာစနစ်မျိုးစုံ ပေါင်းစပ်တည်ရှိနေတဲ့နိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံရဲ့ စီးပွားရေးဟာလည်း သယံဇာတတူးဖော်ထုတ်လုပ်တဲ့ လုပ်ငန်းဟာ နိုင်ငံ့ဝင်ငွေအများဆုံးရရှိနေကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ သဘာဝသယံဇာတ ပစ္စည်းများဟာ တည်ရှိနေတဲ့ပမာဏ ကန့်သတ်ချက်ရှိပါတယ်။ ဒါကြောင့် ထုတ်လုပ်ရောင်းချရာမှာလည်း နိုင်ငံခြားဝင်ငွေ ပိုမိုရရှိစေရန်အတွက် သယံဇာတများကို ကုန်ကြမ်းအဖြစ်ရောင်းချနေခြင်းထက် ကုန်ချောထုတ်လုပ်ရောင်းချနိုင်ရေး စီမံဆောင်ရွက်သင့်ပါတယ်။ ဒ့ါအပြင် ပြန်လည်ဖြည့်တင်းနိုင်စွမ်းမရှိခြင်းနှင့် ရေရှည်မှီခိုထုတ်ယူ အသုံးပြုရန် အခွင့်အလမ်းနည်းခြင်းတို့ကြောင့် သဘာဝသယံဇာတများအပေါ်မှာ မမှီခိုရအောင် ကြိုးပမ်းလုပ်ဆောင်ကြရမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံတွင် တည်ဆဲဥပဒေများနဲ့မညီတဲ့ တရားမဝင် သယံဇာတ တူးဖော်ထုတ်လုပ်နေမှုများ၊ သစ်နဲ့ သစ်တောထွက်ပစ္စည်းအမျိုးမျိုး၊ ရေသံယဇာတ ပစ္စည်းအမျိုးမျိုး ခိုးယူထုတ်လုပ်

နေမှုများလည်း ရှိနေပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇ နှင့်အညီ သဘာဝသယံဇာတများနှင့် ပတ်သက်သည့် တည်ဆဲဥပဒေများသည် အားနည်းချက်များရှိပါက ဥပဒေသစ်များ ထပ်မံရေးဆွဲသင့်ပါတယ်။ သယံဇာတထွက်ရှိရာ အချို့ဒေသများသည် တိုင်းရင်းသားလက်နက်ကိုင်များလှုပ်ရှားရာ ဒေသများ ပါဝင်နေသဖြင့် တရားဥပဒေစိုးမိုးမှု အားနည်းခြင်း၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းမှုမရှိခြင်း၊ လိုင်စင်ရယူဆောင်ရွက်တဲ့ ကုမ္ပဏီများရဲ့ စည်းမျဉ်းဥပဒေများအပေါ် လိုက်နာမှုအားနည်းခြင်း၊ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့များရဲ့ စစ်ဆေးကြပ်မတ်မှု အားနည်းခြင်းတို့ကြောင့် အိမ်နီးချင်းနိုင်ငံများမှာရှိတဲ့ မှောင်ခိုဈေးကွက်များ အသီးသီးကို အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိနေရပါတယ်။ ဒါဟာ နိုင်ငံအတွက် ကြီးမားတဲ့ နစ်နာဆုံးရှုံးမှုကို ဖြစ်စေပြီး သဘာဝသယံဇာတများကိုလည်း ပျက်စီးစေပါတယ်။ သဘာဝသယံဇာတများ ထွက်ရှိရာ အချို့ဒေသများကို ကြည့်ပါက တရားဥပဒေစိုးမိုးမှုအားနည်းသော ဒေသများပါဝင်နေပါတယ်။ သဘာဝသယံဇာတအရင်းအမြစ်များကို ဥပဒေမဲ့ တူးဖော်ထုတ်လုပ်လျက်ရှိနေတာကို ပြည်ထောင်စုအစိုးရအဖွဲ့တစ်ခုတည်းဖြင့် ထိန်းချုပ်ကြပ်မတ်နိုင်ရန် အခက်အခဲများစွာ ရှိမှာဖြစ်ပါတယ်။

သက်ဆိုင်ရာ ဝန်ကြီးဌာနတွေဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒေသခံပြည်သူလူထု၊ တပ်မတော်တို့ ပေါင်းစပ်ပြီး ဟန်ချက်ညီညီလုပ်ဆောင်မှသာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းကို ကာကွယ်ကုစားနိုင်ရန်အတွက် တပ်မတော်အနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နေပါတယ်။

တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၊ ပုဒ်မခွဲ(င)၊ ပုဒ်မ ၃၃၉၊ ပုဒ်မ ၃၄၁ တို့အရ အပ်နှင်းထားပြီးဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် နိုင်ငံတော်ရဲ့ ရေထု၊ မြေထု၊ လေထု အတွင်းမှာရှိတဲ့ သယံဇာတများကို ကာကွယ်စောင့်ရှောက်လျက်ရှိနေပါတယ်။ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ သဘာဝသယံဇာတများကို ဥပဒေမဲ့ တူးဖော်ထုတ်ယူပြီး တစ်ဖက်နိုင်ငံသို့ ရောင်းချရာမှ ရရှိတဲ့ဝင်ငွေဖြင့် ၎င်းတို့ဘဝရပ်တည်နိုင်ရေးအတွက် ဆောင်ရွက်နေတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တပ်မတော်အနေဖြင့် သဘာဝသယံဇာတပစ္စည်းများ ခိုးယူထုတ်လုပ်ခြင်းကို တားဆီးလုပ်ဆောင်ရန်အတွက် ပိတ်ဆို့စစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်းတို့ကို လုပ်ဆောင်ခဲ့ရာ ခိုးယူထုတ်လုပ်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့မှုများ ဖြစ်ခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။ ဖမ်းဆီးရမိမှုများအနေဖြင့် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ တရားမဝင်သစ်နဲ့ သစ်တောထွက်ပစ္စည်းများ၊ ကျွဲ၊ နွားများ၊ ကျောက်မျက်ရတနာများနဲ့ အခြားအကောက်ခွန်မဲ့ ပစ္စည်းများ (၁၈၃)ကြိမ် စုစုပေါင်း တန်ဖိုးကျပ်သိန်းပေါင်း(၂၃၀၀၀၀)ကျော် ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိခဲ့တဲ့ သဘာဝသယံဇာတများကို နိုင်ငံတော်သို့ စနစ်တကျအပ်နှံ ဆောင်ရွက်ခဲ့ပါတယ်။ အသေးစိတ်စာရင်းများကိုတော့ Power Point မှာ တင်ပြထားပါတယ်။

မြန်မာနိုင်ငံဟာ ပင်လယ်ကမ်းရိုးတန်းအရှည် မိုင်ပေါင်း(၁၃၈၅)မိုင် ပိုင်ဆိုင်ပြီး ရှည်လျားတဲ့ ကမ်းရိုးတန်းပိုင်ဆိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။ မြန်မာ့ပင်လယ်ပြင်အတွင်း တန်ဖိုးကြီးမားလှတဲ့ ရေပေါ်၊ ရေအောက် သယံဇာတ များစွာရှိနေပါတယ်။ ဒါ့အပြင် လှပတဲ့ ကျွန်းစုများ၊ ကမ်းခြေများ၊ သန္တာ


ကျောက်တန်းများ၊ ရှားပါးငါးမျိုးစိတ်များလည်း ပါဝင်နေပါတယ်။ ငါးခိုးဖမ်းခြင်း၊ နည်းစနစ်မမှန်ကန်တဲ့ ငါးဖမ်းစနစ်များ အသုံးပြုခြင်း၊ သစ်နဲ့သစ်တောထွက်ပစ္စည်းများကို နည်းလမ်းပေါင်းစုံအသုံးပြုပြီး ခိုးယူနေခြင်းကြောင့် နိုင်ငံပိုင်သယံဇာတများဟာ ပျက်စီးဆုံးရှုံးနေရပါတယ်။ မြန်မာ့တပ်မတော်ရေမှ စစ်ရေယာဉ်များ၊ စစ်သည်များမှ စစ်ဆေးခြင်း၊ ပိတ်ဆို့ရှာဖွေခြင်း၊ ဖမ်းဆီးခြင်းတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်ရေမှ မြန်မာ့ပင်လယ်ပြင်အတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလအထိ တရားမဝင်ငါးဖမ်းလှေ(၂၄၁)စီး စုစုပေါင်း တန်ဖိုးကျပ်(၂၅၅၁၂၆၂၂၅၀) ဖြစ်ပြီး ဖမ်းဆီးရမိမှုစာရင်းများကို တင်ပြပါ Power Point အတိုင်းဖြစ်ပြီး နိုင်ငံတော်သို့ အပ်နှံခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝသယံဇာတပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်းအပြင် ရာသီဥတု ဖောက်ပြန်ခြင်းစသည့် သာဓကများ ဖြစ်ပေါ်ခဲ့ပါတယ်။ သို့ဖြစ်၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရန် အတွက် တပ်မတော်အနေဖြင့် တစ်ဖက်တစ်လမ်းမှ ကြိုးစားလုပ်ဆောင်နေပါတယ်။ ဒါ့အပြင် သဘာဝ အတိုင်းရှိပြီးသား သစ်ပင်များအား ကာကွယ်ထိန်းသိမ်းခြင်း၊ အသစ်ထပ်မံစိုက်ပျိုးခြင်းတို့ကို နှစ်စဉ် မိုးရာသီသစ်ပင်စိုက်ပွဲတော်များ ကျင်းပပြီး ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းပင်၊ အကြီးမြန်ပင်၊ အရိပ်ရလေကာပင်များ စိုက်ပျိုးခြင်း၊ စိုက်ပျိုးပြီးဖြစ်တဲ့ အပင်များရှင်သန်စေရန် ထိန်းသိမ်းစောင့်ရှောက် ခြင်း လုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ နှစ်စဉ်စိုက်ပျိုးခဲ့ရာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ အပင်ပေါင်း(၁၉၂၉၃၅၇၀)ပင် စိုက်ပျိုးရှင်သန်ခဲ့ပြီး အသေးစိတ် စာရင်းအား Power Point တွင် တင်ပြ ထားပါတယ်။

ဆက်လက်၍လည်း ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ရာသီဥတုဟာ သစ်ပင်၊ သစ်တောများအပေါ်မှာ များစွာ မှီတည်နေတဲ့အတွက် တပ်မတော်အနေဖြင့် အကြီးမြန်သစ်ပင် စီမံကိန်းများကို ဗထူး၊ ဟိုပုံးနဲ့ တောင်ခမ်းတို့တွင် စံပြစိုက်ခင်းများ စိုက်ပျိုးခဲ့ရာ ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ စုစုပေါင်း(၁၀၅)ဧက၊ အပင်အရေအတွက်စုစုပေါင်း (၅၄၇၂၈)ပင် စိုက်ပျိုးရှင်သန်ခဲ့ပါတယ်။ သဘာဝသယံဇာတပစ္စည်းများ ပျက်စီးဆုံးရှုံးနေခြင်းကို ထိရောက်စွာ တားဆီးကာကွယ်နိုင်ရန်အတွက် လက်ရှိတည်ဆဲဥပဒေ၊ နည်းဥပဒေတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၃၇ နှင့်အညီ ထပ်မံဖြည့်စွက်ရန် လိုအပ်ပါကြောင်း အကြံပြုအပ်ပါတယ်။ ဒါ့အပြင် အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ လာအိုနိုင်ငံတို့တွင် ကျင့်သုံးလုပ်ဆောင်နေသည့် သယံဇာတဥပဒေ၊ နည်းဥပဒေများကို လေ့လာဆောင်ရွက်သင့်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေဖြင့် သဘာဝသယံဇာတပစ္စည်းများ လေလွင့်ပျက်စီးဆုံးရှုံးနေခြင်းကို တားဆီးကာကွယ်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့တစ်ခု တည်းမှ ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်ဟာ များပြားပြီး ကျယ်ပြန့်လှ ပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့နှင့်အတူ ဒေသခံပြည်သူလူထု၊ တပ်မတော်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ ပူးပေါင်း၍ သဘာဝသယံဇာတအရင်းအမြစ်များ ရေရှည်တည်တံ့အောင် ထိန်းသိမ်း လုပ်ဆောင်ရန် လိုအပ်ပါကြောင်း အကြံပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

သဘာဝသယံဇာတများ ကြွယ်ဝခြင်းကိုပြသသည့် မြန်မာနိုင်ငံမြေပုံ (လ)



၂၀၁၇ ခုနှစ်၊ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် မှတ်တမ်း၏ မြင်ကွင်းပုံ (လ-၁)



**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်သီဟ ဖြစ်ပါတယ်။ ကျွန်တော် အမျိုးသားလွှတ်တော်မှာ သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့ ဥက္ကဋ္ဌလည်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီနေ့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)က ဦးဖေချစ် ရဲ့ အဆိုနဲ့ ပတ်သက်ပြီးတော့မှ အပြု သဘော ဝေဖန်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ သဘာဝသယံဇာတများဆိုတာ မြေပြင်ပေါ်မှာ ပေါက်ရောက်နေတဲ့ သစ်ပင်၊ သစ်တောကြီးတွေပါတယ်။ အထူးသဖြင့် ကမ္ဘာကျော် ကျွန်းသစ်၊ ပိတောက်၊ သစ်ရာ၊ အင်ကြင်းလို၊ တမလန်းလို၊ ရာဘာလို သစ်ပင်တွေ ရှင်သန်ရာ တောတောင်ရေမြေ၊ စိမ့်စမ်း၊ သဘာဝပတ်ဝန်းကျင်မှာ မှီတင်းနေထိုင်တဲ့ တောရိုင်းတိရစ္ဆာန်တွေ အပါအဝင် ကျေးငှက် သာရကာတွေအားလုံး ပါတာဟာ ကျွန်တော်တို့ရဲ့ ဒီ သဘာဝသယံဇာတတစ်ခု ဖြစ်ပါတယ်။ နိုင်ငံတော်ကြီးနဲ့ ပတ်သက်ပြီးတော့မှ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးထဲမှာ မြေပြင်ထဲမှာရှိတဲ့ သတ္တု၊ သတ္တုဆိုတဲ့နေရာမှာ ရွှေ၊ ငွေ၊ ခဲ၊ သွပ်၊ ဘော်၊ ကြေးနီ၊ အဲဒီလိုနေရာနဲ့ ကျောက်မျက်၊ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ အဲဒီကနေ ရေနံ၊ ဂက်(စ်) အဲဒီလို တန်ဖိုးကြီးတဲ့ ဓာတ်သတ္တု၊ ရတနာ အဖိုးတန် ပစ္စည်းတွေ၊ စက်မှုကုန်ထုတ်လုပ်နိုင်တဲ့ ကျောက်မီးသွေးတို့လို၊ ရေနံတို့လိုတွေလည်းပဲ သယံဇာတ ပစ္စည်းများအဖြစ် ပါဝင်ပါတယ်။ အဲဒီတော့ မြေကြီးထဲမှာရော၊ မြေပေါ်မှာရော၊ ရေထဲမှာရော၊ လေထဲမှာရော ရှိတဲ့ ရုပ်ဝတ္ထု သဘာဝအရင်းအမြစ်တွေအားလုံးဟာ မြန်မာပြည်မှာ အင်မတန် ပေါကြွယ်ဝတယ်ဆိုတာကို အားလုံးသိပြီးဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံသားတိုင်းသိထားတဲ့ ဒီမြန်မာနိုင်ငံရဲ့ သဘာဝသယံဇာတပျက်စီးဆုံးရှုံး နေတယ်ဆိုတဲ့၊ အဆိုရှင်ပြောတဲ့ ပျက်စီးဆုံးရှုံးတယ်ဆိုတဲ့နေရာကို ကျွန်တော် ပြန်ပြီးစဥ်းစားစရာရှိပါတယ်။ ဒီ သယံဇာတတွေဟာ သူ့အလိုလို သဘာဝကြောင့်မို့လို့ ပျက်စီးသွားတာမျိုး မဟုတ်ဘဲနဲ့ လူတွေက ထုတ်လုပ်ပြီးတော့မှ ပျက်စီးတာ၊ လူတွေကနေပြီးတော့မှ အကျိုးရှိရှိအသုံးချတယ်၊ အကျိုးမဲ့အသုံးချတယ်၊ အကျိုးနည်းနည်းပဲရှိပြီးတော့မှ အသုံးချတယ်ဆိုတဲ့ နေရာမျိုးတွေကို တွေ့ရပါတယ်။ အဲဒီတော့ အဆိုရှင်ရဲ့ သဘာဝသယံဇာတ ပျက်စီးဆုံးရှုံးနေခြင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ဆိုတဲ့၊ ကာကွယ်စောင့်ရှောက်ဖို့လိုတယ်ဆိုတဲ့ စကားကို မူသဘောအရ ကျွန်တော် မထောက်ခံနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ သယံဇာတပစ္စည်းတွေနဲ့ ပတ်သက်ပြီဆိုရင် ဥပမာ သစ်နဲ့ပတ်သက်တာပဲဖြစ်ဖြစ်၊ သတ္တုတွေ၊ သယံဇာတတွေ၊ ကျောက်မီးသွေး တွေ၊ ရေနံတွေ ထုတ်လုပ်တာနဲ့ ပတ်သက်တာပဲဖြစ်ဖြစ် အဲဒီပစ္စည်းတွေကို ထုတ်လုပ်သုံးစွဲတယ်ဆိုတဲ့ နေရာမှာ စနစ်တကျ မှန်မှန်ကန်ကန် သုံးစွဲတယ်၊ မှန်မှန်ကန်ကန်မဟုတ်ဘဲနဲ့ သုံးစွဲတယ်ဆိုတဲ့နေရာ မျိုးပေါ်မှာ မူတည်ပြီးတော့မှ သယံဇာတပျက်စီးတာမျိုး ရှိပါတယ်။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံကို ပြန်ပြီးတော့မှ စဥ်းစားကြည့်ရင် အဖိုးတန်သယံဇာတတွေကို ယဥ်ကျေးတဲ့နိုင်ငံတွေ၊ ပညာတတ်တဲ့နိုင်ငံတွေ၊ ခေတ်မီဖွံ့ဖြိုးတဲ့နိုင်ငံတွေက တရားဥပဒေစည်းမျဥ်းစည်းကမ်းနဲ့အညီ ထိန်းသိမ်း၊ ထိန်းကျောင်းပြီးတော့မှ ထုတ်လုပ်သုံးစွဲတတ်ကြပါတယ်။ အဲဒီလိုမျိုးပဲ ကျွန်တော်တို့ သယံဇာတပစ္စည်းတွေကို ကျွန်တော်တို့ကနေပြီးတော့မှ ဒီမှန်မှန်ကန်ကန်ထုတ်ယူသုံးစွဲနိုင်ဖို့အတွက် အရေးကြီးပါတယ်။ အဲဒီတော့ ကျွန်တော်တို့ သယံဇာတ၊ အခု အမျိုးသားလွှတ်တော်မှာရှိတဲ့ ကျွန်တော်တို့ သယံဇာတကော်မတီရဲ့ ရည်ရွယ်ချက်၊ နိုင်ငံတော်မှာ ဦးဆောင်နေတဲ့ကျွန်တော်တို့ သယံဇာတဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်ကလည်းပဲ ကျွန်တော်တို့ ကော်မတီက သဘာဝသယံဇာတများ ထုတ်လုပ်တဲ့အခါမှာ စနစ်တကျ ထုတ်ယူသုံးစွဲမှုကို အားပေးကူညီရမှာ ဖြစ်ပါတယ်။ ထွက်လာတဲ့ ကုန်ပစ္စည်းတွေကို ထုတ်လုပ်တဲ့ နေရာမှာလည်း ဂေဟစနစ်တွေ မပျက်စီးအောင်ထုတ်လုပ်ဖို့လိုအပ်ပါတယ်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မပျက်စီးဖို့အတွက် စိစစ်ညှိနှိုင်းပြီးဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ဒီ သတ္တုသယံဇာတ၊ သစ်တောနဲ့ ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ကျွန်တော်တို့ ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အဲဒါကြောင့်မို့လို့ အခုကျွန်တော်တို့ ဒီ သားစဥ်မြေးဆက် ထုတ်ယူသုံးစွဲနိုင်ဖို့အတွက် သယံဇာတကို နည်းစနစ်ကျကျမှန်မှန်ကန်ကန် ဒီလို ထုတ်ယူသုံးစွဲဖို့ဟာ ပြည်သူအများလိုက်နာနိုင်တဲ့ ဥပဒေရေးဆွဲဖို့ လိုပါတယ်။ ဥပဒေများကို ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များကနေပြီးတော့မှ အမျိုးသားလွှတ်တော်၊ ပြည်သူ့လွှတ်တော်ဘက်က ရေးဆွဲကြရတာ ဖြစ်ပါတယ်။ ဒီမှာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနဲ့ ပတ်သက်ပြီးတော့မှ၊ ဥပဒေရေးဆွဲပြီးတော့မှ ဥပဒေဆွဲရတဲ့ ဥပဒေတွေရှိပါတယ်။ အဲဒါကို ကျွန်တော် အနည်းငယ် တင်ပြပါမယ်။

သယံဇာတနဲ့ ပတ်သက်တဲ့ ဥပဒေတွေက သစ်တောဥပဒေဆိုတာရှိပါတယ်။ န.ဝ.တ ၁၉၉၂ ခုနှစ်တုန်းကထွက်တဲ့ သစ်တောဥပဒေရှိပါတယ်။ သူက နည်းဥပဒေထွက်ပြီးသား ဖြစ်ပါတယ်။ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ ကာကွယ်ရေးနဲ့ သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေဆိုတာ ရှိပါတယ်။ ဒါပေမဲ့ အခု အဲဒါကို ပြည်သူ့လွှတ်တော်ကနေပြီးတော့မှ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ကို ပို့ထားတဲ့အချိန် ဖြစ်ပါတယ်။ မြန်မာ့သတ္တုတွင်းဥပဒေဟာ ၁၉၉၄ ခုနှစ်တုန်းကထွက်ထားပြီးတော့မှ ပြန်ပြီးတော့ ကျွန်တော်တို့ ပြင်ဆင်ထားတာ ၂၀၁၅ ခုနှစ်မှာ ရေးဆွဲပြီးနည်းဥပဒေရေးဆွဲနေတာဖြစ်ပါတယ်။ အခုအချိန်ထိ နည်းဥပဒေ ထွက်မလာသေးပါဘူး။ မြန်မာ့ပုလဲလုပ်ငန်းဥပဒေ၊ ဒါ နည်းဥပဒေရော ပြီးပါပြီ။ မြန်မာ့ကျောက်မျက်ရတနာဥပဒေ ကျွန်တော်တို့အမျိုးသားလွှတ်တော်ကနေပြီးတော့မှ တင်သွင်းပြီး ပြည်သူ့လွှတ်တော်ကို ပို့ထားပါတယ်။ အဲဒါကလည်းပဲ ဥပဒေအနေနဲ့ ပြန်မရောက်လာနိုင်သေးပါဘူး။

နံပါတ်(၆)က ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ ဒါဥပဒေရော၊ နည်းဥပဒေရောပြီးပါတယ်။ Explosive Act ဆိုတာကတော့ အိန္ဒိယ Act နဲ့ ထုတ်ထားတဲ့ဟာ အဲဒါကတော့ကျောက်မျက်တူးတဲ့ ဥပဒေတစ်ခုဖြစ်ပါတယ်။ နောက် ဆားလုပ်ငန်း ဥပဒေ၊ အဲဒါလည်း ဥပဒေအကုန်ပြီးပြီးသားပါ။ ပြောချင်တာကတော့ ဥပဒေ၊ နည်းဥပဒေထွက်လာမှသာ တရားဥပဒေနဲ့အညီ အုပ်ချုပ်စီမံနိုင်မှာ ဖြစ်ပါတယ်။ သဘာဝသယံဇာတ တရားဥပဒေမဲ့ ထုတ်ယူသုံးစွဲနေကြတဲ့အတွက် ဥပဒေ၊

နည်းဥပဒေမရှိတဲ့အတွက်လည်းပဲ ဒီနေ့ ဖားကန့်မှာ ထိန်းမနိုင် သိမ်းမရ ပျက်စီးနေတာပါ။ ထွက်နေတဲ့ ကျောက်စိမ်းရတနာတွေဟာ နိုင်ငံတော် အခွန်အခမရတာပါ။ အမျိုးသားရေးတာဝန်ဆိုတာထက် ကျွန်တော်တို့ ဥပဒေပြုကိုယ်စားလှယ်အားလုံး စိတ်ပါလက်ပါနဲ့ ကြိုးကြိုးစားစား ဥပဒေတစ်ရပ်ကို မှန်မှန်ကန်ကန်ထွက်နိုင်ဖို့ ကြိုးစားဖို့အတွက် လိုအပ်ပါတယ်။

အဲဒီတော့ ကိုလိုနီခေတ် အင်္ဂလိပ်တွေအုပ်ချုပ်ခဲ့တဲ့ ခေတ်တုန်းကတောင်မှ ကျွန်တော်တို့ အမိမြန်မာနိုင်ငံတော်ကထွက်တဲ့ ကျွန်းသစ်တွေ၊ သစ်မာတွေ၊ ပိတောက်၊ အင်ကြင်းတွေအားလုံးကို သစ်ထုတ်လုပ်ရေးလုပ်တဲ့နေရာမှာ ဥပဒေများနဲ့အညီပြဋ္ဌာန်းပြီး တိကျစွာ ဆောင်ရွက်စီမံအုပ်ချုပ်တယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ၁၉၈၈ အရေးတော်ပုံမတိုင်ခင်တစ်လျှောက် သစ်တောကြီးတွေဟာ သယံဇာတရေးရာ မပျက်စီးဘဲနဲ့ ရှိခဲ့ဖူးပါတယ်။ တောအုပ်ကြီးတွေ ကျွန်တော်တို့ မြင်ခဲ့ရဖူးပါတယ်။ အခု ကျွန်တော်တို့ ပြင်ဦးလွင်အပါအဝင် တစ်နိုင်ငံလုံးမှာရှိတဲ့ တောအုပ်၊ တောင်တန်းတွေ မျိုးတုံး ပျောက်ကွယ်နေပါပြီ။ အိမ်နီးချင်းနိုင်ငံတွေက သစ်ပင်၊ သစ်တော၊ တောအုပ်လိုက်အမြစ်ပါမကျန် ထုတ်ယူသုံးစွဲနေတာကိုလည်းပဲ ကြားသိမြင်တွေ့နေရပါတယ်။ အိမ်နီးချင်းနိုင်ငံတွေကပဲ တွင်းထွက် ရွှေ၊ ငွေ၊ ကျောက်သံ ပတ္တမြားတွေကို တောင်ကြီးတွေဖြို၊ ကျင်းကြီးတွေဖြစ် တစ်စမကျန် ထုတ်ယူသုံးစွဲ နေတာကိုလည်းပဲ တွေ့နေရပါတယ်။

အဲဒီတော့ ကျွန်တော်တို့နိုင်ငံဟာ ကုဋေရှစ်ဆယ်သူဌေးသား၊ ကျွန်တော်တို့နိုင်ငံသူ နိုင်ငံသား လူလည်တွေကနေပြီး မဖြစ်စလောက်ငွေနဲ့ အကျင့်ပျက်ခြစား ရောင်းစားနေကြတာသာဖြစ်တဲ့အတွက် အဆိုရှင်တင်ပြသလို သဘာဝသယံဇာတများဟာ ပျက်စီးဆုံးရှုံးနေတာ မဟုတ်ပါဘူး။ ကိုယ်ကျိုးရှာသုံးစွဲ နေတဲ့အတွက် နိုင်ငံတော်အကျိုးအမြတ် မခံစားရတာသာ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ အမျိုးသားရေး တာဝန်အနေနဲ့ ထိန်းသိမ်းစောင့်ရှောက်ရမှာ မဟုတ်ဘဲနဲ့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ ကနေပြီးတော့မှ ပြည်သူတွေလိုက်နာကျင့်သုံးနိုင်တဲ့ ဥပဒေ၊ နည်းဥပဒေတွေကို ရေးဆွဲပြဋ္ဌာန်းပေးပြီး တော့မှ အုပ်ချုပ်စီမံနေတဲ့ ဝန်ကြီးဌာနက စီမံခန့်ခွဲသူ အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူး၊ ဦးစီးမှူးအပါအဝင် အဆင့်ဆင့်ဟာ-------------(ဩဘာသံများ)

**အချိန်၊ ၁၁:၀၁။**

**ဥက္ကဋ္ဌ။**　　။ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခင်မောင်မြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁:၀၂။**

**ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။**　　။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ လိုက်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့် ဖြစ်ပါတယ်။ ဦးဖေချစ် ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ သတ္တုသယံဇာတ အဖိုးတန်ကျောက်မျက်များ၊ အခြားတွင်းထွက် သတ္တုများ များစွာ ထွက်ရှိသောနိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့ ကချင်ပြည်နယ်မှာ သံသတ္တု၊ ရွှေသတ္တု၊ ကြေးနီ

Rare Element၊ သတ္တုများ များစွာထွက်ရှိသော ဒေသဖြစ်ပါတယ်။ ကုမ္ပဏီများမှာလည်း အများအပြား ရှိပါတယ်။ သို့သော် ကချင်ပြည်နယ်အစိုးရမှ လုံးဝကိုင်တွယ်၍ မရပါ။ အားလုံး ပြည်ထောင်စုအစိုးရက ချပေးထားသော ကုမ္ပဏီများဖြစ်ပါတယ်။ ၎င်းတို့ကိုလည်း ပြည်ထောင်စုအဆင့်မှ လုပ်ငန်းများကို စိစစ်သင့်ပါတယ်။ ဒါမှလည်း ပွင့်လင်းမြင်သာမှုရှိမှာပါ။ အရေးကြီးဆုံးကတော့ ကျောက်စိမ်းလုပ်ငန်း ပါပဲ။ ကျောက်စိမ်းထွက်ရှိရာ ဖားကန့်ဒေသ၊ ခန္တီးဒေသ၊ မော်လူး၊ မော်ဟန်၊ နန်ချီဒေသတို့မှာ ကျောက်စိမ်းကို ယန္တရားများဖြင့် အလွန်အကျွံ တူးဖော်လုပ်ကိုင်နေသည်ကို မြန်မာပြည်သာမက ကမ္ဘာကပင် သိရှိပြီးသားဖြစ်ပါတယ်။

ကျောက်စိမ်းသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းသာ ကမ္ဘာမှာ အရည်အချင်းမီ စံချိန်မီထွက်ရှိသော နိုင်ငံဖြစ်ပါတယ်။ ကျောက်စိမ်းတူးဖော်ရာမှာ အလွန်အကျွံတူးဖော်ခြင်း ကိစ္စနှင့်ပတ်သက်၍ ကြယ်ပွင့်ပြမေးခွန်း အမျိုးသားလွှတ်တော်ထဲမှာ မေးမြန်းပြီး ဝန်ကြီးဌာနက ပြန်လည်ဖြေကြားပြီး ကတိကဝတ်ရရှိထားသော မေးခွန်းလည်း ဖြစ်ပါတယ်။ ကျွန်တော့်ကို ဝန်ကြီးဌာနမှ မေလ ၁၇ ရက်၊ ၂၀၁၆ ခုနှစ်မှာ ကျောက်စိမ်းသယံဇာတများ သားစဉ်မြေးဆက် အသုံးပြုနိုင်ရန်အတွက် ကျောက်စိမ်း တူးဖော်ရေးလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန် ကိစ္စဆိုပြီး ကြီးကြပ်ဖို့ စာထွက်ထားပါတယ်။ သို့သော် တိတိကျကျဆောင်ရွက်နိုင်ဖို့လည်း ထပ်မံတိုက်တွန်းအပ်ပါတယ်။ သားစဉ်မြေးဆက်ဆိုသည်မှာ နှစ်ပေါင်းကြာရှည်စွာ တူးဖော်လုပ်ကိုင်စားသောက်နိုင်ရန် ရည်ရွယ်ပါတယ်။ သို့သော် ယခုလို အကြီးစား ဧက(၅၀) ဆယ်နှစ်တူးခွင့်ပြုခိုင်းလျှင် ကျွန်တော်တို့ အသက် မကုန်ခင် ကျောက်စိမ်း ကုန်ဆုံးသွားနိုင်ပါတယ်။ သတိချပ်ရမည်လည်း ဖြစ်ပါတယ်။ ထို့ကြောင့် ဧက(၅၀)ကို တိုင်းရင်းသားများ၊ လုပ်ငန်းရှင်များ၊ နိုင်ငံခြားလုပ်ငန်းရှင်များ လုပ်ပိုင်ခွင့်ကို တိတိကျကျ ပိတ်ပင် တားမြစ်ရပါမယ်။

အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ အဖွဲ့အစည်းပေါင်းများစွာ နိုင်ငံခြား NGO များ၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် တွေ့ဆုံရာတွင် ၎င်းတို့မှ အကြီးစားလုပ်ပိုင်ခွင့်မပြုရန် အကြိမ်ကြိမ်တောင်းဆိုသောကြောင့် ကျွန်တော်တို့ အမျိုးသား လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ ဥပဒေပြင်ဆင်ရာတွင် အကြီးစားကို ပယ်ဖျက်ထားပါသည်။ ၎င်းပယ်ဖျက်ထားသည်ကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနမှ အထူးအလေးပေး ဂရုပြုသင့်ပါသည်။ တကယ်တော့ ဖားကန့်ဒေသမှ ထွက်ရှိသော ကျောက်စိမ်းကို ဖိဖိစီးစီး ချုပ်ကိုင်လုပ်ကိုင်နိုင်ရင် မြန်မာပြည်အတွက် ငွေလုံးငွေရင်း ရရှိနိုင်သောလုပ်ငန်း ဖြစ်ပါတယ်။ ၎င်းကျောက်စိမ်းနှင့် ပတ္တမြားတို့မှာ ကမ္ဘာမှာ မူပိုင်ခွင့် လုပ်ထားရပါမည်။ ဒါမှလည်း တစ်ဖက်နိုင်ငံသို့ ရောက်ရှိသော ကျောက်စိမ်းများကို တရားစွဲလို့ရပါမည်။ ၎င်းကျောက်စိမ်းလုပ်ငန်းကို စနစ်တကျ စီမံကွပ်ကဲပြီး နည်းနည်းချင်းထုတ်ရောင်းခြင်းဖြင့် ရေရှည်အကျိုးစီးပွားများစွာ ဖြစ်ထွန်းနိုင်သော လုပ်ငန်းကြီး ဖြစ်ပါတယ်။

ထို့ကြောင့် ၎င်းလုပ်ငန်းကို ရေရှည်အကျိုးစီးပွားကြည့်ပြီး (၅)ဧကထက်မပိုသော လုပ်ကွက် များ စချပေးသင့်ပါသည်။ တစ်ကွက်နှင့်တစ်ကွက် ပေါင်းမတူးရန်လည်း မြေသယ်လမ်းဖြင့် ခြားထားရ ပါမည်။ သို့မှသာ ကျောက်စိမ်းလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲမှာပါ။ အစိုးရအပြောင်းအလဲတွင် ၂၉-၁-၂၀၁၁ ခုနှစ်မှာ ကျောက်မျက်ဥပဒေထုတ်ပြီး အမျိုးသားအကျိုးတူလုပ်ကွက်များချပေးခြင်း၊

သက်တမ်းတိုးခြင်းတို့ ပြုလုပ်ပါတယ်။ ၎င်းတို့ကို သေချာစွာစိစစ်၍ အမှန်တကယ်ချပေးသော အကျိုးတူလုပ်ကွက်များ၊ သက်တမ်းတိုးသော အကျိုးတူလုပ်ကွက်များကို သေချာပြန်လည်စိစစ်ခြင်း လုပ်ငန်းများကိုလုပ်ဖို့လည်း များစွာလိုအပ်ပါသည်။ အပြောင်းအလဲချိန်မှာ တာဝန်ရှိဝန်ထမ်းများ၊ ရိုးသား၏၊ မရိုးသား၏ကိုလည်း ပြန်လည်ဆန်းစစ်ဖို့ လိုအပ်ပါတယ်။ သက်တမ်းကုန် လုပ်ကွက် အကျိုးတူများကိုလည်း တိကျစွာပိတ်သိမ်းခိုင်းရပါမည်။ တကယ်တော့ ဖားကန့်ဒေသတစ်ခုလုံး ငြိမ်းချမ်းရေးနှင့်လည်း များစွာဆိုင်ပါတယ်။

မြန်မာပြည်ရှိ အကြီးဆုံးတိုင်းရင်းသားလက်နက်ကိုင်များ၊ အလတ်များ၊ အသေးများနှင့် အခြားလက်နက်ကိုင်များ၏ အကျိုးစီးပွားရှာ နေရာကြီးလည်း ဖြစ်ပါတယ်။ ၎င်းနေရာတွင် တရား ဥပဒေ စိုးမိုးမှုကလည်း အလွန်နည်းပါးပါတယ်။ ၎င်းဒေသကို ကျောက်မျက်ဥပဒေ ထုတ်ပြန်ပြီး အမြန် ထိန်းသိမ်းဖို့ သင့်ပါသည်။ သို့မှသာ တိုင်းရင်းသားလက်နက်ကိုင်များ အကျိုးစီးပွားကို ထိရောက်စွာ ထိန်းသိမ်းနိုင်မှာပါ။ ဒါမှ ၎င်းတို့၏အကျိုးစီးပွား ဖြစ်ထွန်းမှုနည်းလေ ငြိမ်းချမ်းရေးရဖို့များလေ ဖြစ်မှာပါ။ တကယ် ငြိမ်းချမ်းရေးရအောင်လုပ်လိုလျှင် ဖားကန့်ကျောက်စိမ်းတူးဖော်ခြင်းကို ခေတ္တရပ်ဆိုင်းရပါမည်။ သို့မှသာ ဘယ်အဖွဲ့အစည်းမှ စီးပွားရေး မဖြစ်ထွန်းတော့ဘဲ ငြိမ်းချမ်းရေးဘက် ဦးတည်လှည့်လာ မှာပါ။ ဒါမှ ငြိမ်းချမ်းရေးအတွက်လည်း Power Sharing, Resource Sharing ပြုလုပ်နိုင်မှာပါ။

နောက်ဆုံးအနေနှင့် သဘာဝပတ်ဝန်းကျင်ဘက်မှကြည့်လျှင် လယ်ထွန်တာတောင် ကမ္ဘာကြီးပူနွေးလျှင်၊ Global Warming ဖြစ်လျှင် ကချင်ပြည်နယ်၏ အိုဇုန်းလွှာ အပေါက်ဆုံး နေရာမှာ ဖားကန့်ဖြစ်မည်မှာ မလွဲပါ။ နောင်တွင် ဂေဟစနစ် များစွာချို့ယွင်းပြီး ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်းမှာလည်း အမြင့်ဆုံးနေရာရောက်ပြီး စက်ယန္တရားကြီးများဖြင့် တူးဖော်ထားမှုကြောင့် စိမ်းလန်းစိုပြည်သော ကချင်မြေသည်လည်း ကန္တရကြီးဖြစ်ပြီး၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းတို့မှာလည်း မိုးအခါ မြေစာရေများကျပြီး ရေမှာလည်း ရွှံ့ရေသာသာဖြစ်ပြီး ငါးသယံဇာတတောင် ရှိတော့မည် မဟုတ်ပါ။ လူတို့မှာလည်း ကျောက်စိမ်းကုန် လွင်တီးခေါင်ကန္တရဖြစ်ပြီး မြေစာတို့မှာလည်း ဥရုချောင်း သို့ကျဆင်းကာ ဥရုချောင်းမှတစ်ဆင့် ချင်းတွင်းမြစ်သို့ရောက်ရှိပြီး ချင်းတွင်းမြစ်မှ ၎င်း သဲ၊ ကျောက် များမှာ ဧရာဝတီမြစ်အတွင်းသို့ ကမ်းတစ်လျှောက်နှင့် မြစ်ဝကျွန်းပေါ်တို့တွင် စိုက်ပျိုး၍မရသော ကျောက်မြေများအတိ ဖုံးလွှမ်းလာမည်မှာ သေချာပါသည်။ မြေများမှာလည်း ပျက်စီးမှာ မလွဲပါ။ ကျောက်စိမ်းမှရရှိသော ငွေကြေးတို့သည် သဘာဝပြန်လည်ထိန်းသိမ်းရာတွင် အဆပေါင်းများစွာ ကုန်ကျပြီး ၎င်းဆိုးကျိုးများကို ပြန်လည်ပြုပြင်ရန် လွယ်ကူမည်မဟုတ်ပါကြောင်းနှင့် သဘာဝပျက်စီး၊ လူငယ်လူရွယ်များ ပျက်စီး၊ ဖိုးသမား၊ ဘိန်းစား၊ မူးယစ်ဆေးသမားများဖြစ်ပြီး မြစ်၊ ချောင်း၊ အင်း၊ အိုင် တို့မှာလည်းကောပြီး ကျန်ရစ်နေမည်ကို တွေးမြင်ရင်း ရင်အလေးဆုံးနှင့် အဆုံးသတ် ဆွေးနွေးလိုက် ရပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၈။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို သာလီစွပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ အမျိုးသားလွှတ်တော်မှာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေချစ် တင်သွင်းတဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးနေခြင်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် ထိန်းသိမ်းကာကွယ်ပေးရန် တိုက်တွန်းထားပါတယ်။ သဘာဝသယံဇာတများလို့ ဆိုထားပါတယ်။ သဘာဝသယံဇာတများဆိုတဲ့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံမှာ လက်ရှိထွက်ရှိနေတဲ့ သဘာဝဓာတ်ငွေ့၊ ရေနံ၊ ကျောက်စိမ်း၊ ကျောက်မျက်များ၊ ကျွန်းသစ်နှင့် သစ်မာများ၊ ဓာတ်သတ္တုများ၊ ရေသယံဇာတများကို ထိန်းသိမ်းကာကွယ်ထားခိုင်းခြင်း ဖြစ်ပါတယ်။ အဆိုရှင် တင်သွင်းတုန်းကတော့ ကျွန်းသစ်နှင့် သစ်မာ၊ သစ်တောထွက်ပစ္စည်းများကိုပဲ အဓိကဆွေးနွေးခဲ့တာ တွေ့ရပါတယ်။ သဘာဝ သယံဇာတများကတော့ အများကြီး ကျယ်ပြန့်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်ကတော့ ရခိုင် ပြည်နယ်က ကိုယ်စားလှယ်တစ်ဦးဖြစ်တဲ့အတွက် ရခိုင်ပြည်နယ်မှာထွက်တဲ့ သယံဇာတများကို အဓိက ထား ဆွေးနွေးသွားပါမယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်တွင် လက်ရှိထွက်ရှိနေတဲ့ သယံဇာတများအနေနဲ့ကတော့ သဘာဝဓာတ်ငွေ့၊ ရေနံ၊ ကျွန်းသစ်နှင့် သစ်မာများ၊ ငါးသယံဇာတများအပြင် မာဘယ်အလှဆင် ကျောက်များ အဓိက ထွက်ရှိနေတယ်လို့ သိရပါတယ်။ ရေနံကတော့ အနည်းငယ်သာထွက်ရှိပြီး ငါးသယံဇာတများအနေဖြင့် ရခိုင်ပြည်နယ်တွင် ဘင်္ဂလားပင်လယ်အော်ကြီးကို ပိုင်ဆိုင်ထားမှုကြောင့် ငါးဖမ်းသင်္ဘောများ အနည်းဆုံး အစီးပေါင်း(၁၂၀)အထိ ဖမ်းဆီးနေတယ်လို့ သိရပါတယ်။ အများစု ကတော့ ရန်ကုန်တိုင်းမှ အခြေစိုက်တဲ့ ကုမ္ပဏီကြီးများနှင့် တနင်္သာရီတိုင်းမှ ငါးဖမ်းသင်္ဘောများ ဖြစ်ပါတယ်။ ဒေသခံ ရခိုင်သင်္ဘောများကတော့ အနည်းငယ်သာရှိပြီး ဒီသဘာဝ၊ ဒီရေသယံဇာတက ထွက်ရှိတဲ့ ငါးဖမ်းခြင်းကိုလည်း အကန့်အသတ်နှင့် ထိန်းသိမ်းသင့်တဲ့အရာတစ်ခုအနေနဲ့ ဆွေးနွေးအပ် ပါတယ်။

ကျွန်းသစ်နှင့် သစ်မာများကတော့ လက်ရှိအချိန်တွင် မရှိသလောက် ရှားပါးနေပါပြီ။ သစ်တောကြိုးဝိုင်းက ကြိုးပြင်ဧရိယာ(၁၃၇၀၀၀၀)ဧကရှိပြီး၊ တောရိုင်းဧရိယာကတော့(၃၈၉၀၀၀၀) ဧကခန့်ရှိတယ်လို့ သိရပါတယ်။ ဘူးသီးတောင်၊ အရှေ့မြောက်ဘက်တောင်တန်းတွင် ဝါးအနည်းငယ် ထွက်ရှိပါတယ်။ ဒါတွေကလည်း ထိန်းသိမ်းအပ်တဲ့အရာတစ်ခုပါ။ မာဘယ်အလှဆင်ကျောက်ကတော့ တောင်ကုတ်မြို့နယ်အတွင်း နေပူတောင်ကထွက်ရှိပြီး၊ လက်ရှိတွင် ဗီယက်နမ်နှင့်မြန်မာ ဖက်စပ်ကုမ္ပဏီ တစ်ခုမှ အမေရိကန်ဒေါ်လာ(၁၈.၁၄၇)သန်း ရင်းနှီးမြှုပ်နှံပြီး အကြီးစားတူးဖော်မှုပြုလုပ်နေတယ်လို့ သိရပါတယ်။ ဒါကိုလည်း ဒေသခံများကန့်ကွက်မှုရှိနေခြင်းကြောင့် ဒါကိုလည်း ထိန်းသိမ်းသင့်တဲ့အရာ

တစ်ခုအနေနဲ့ ဆွေးနွေးလိုက်ပါတယ်။ ရခိုင်ပြည်နယ်မှ အဓိကထွက်ရှိနေတဲ့ သဘာဝသယံဇာတများကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီး မြန်မာနိုင်ငံအတွက်လည်း အဓိကဝင်ငွေတစ်ခုဖြစ်နေတဲ့ သဘာဝဓာတ်ငွေ့ပါ။ ၂၀၀၄ ခုနှစ်မှ စတင်ကာ ရခိုင်ပြည်နယ်ကမ်းလွန်၌ ရွှေသဘာဝဓာတ်ငွေ့သိုက်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ယခုအချိန်တွင် လုပ်ကွက်ပေါင်း(၂၅)ကွက်အထိ ရှိနေပြီဟု သိရပါတယ်။

၂၀၀၄ ခုနှစ်တွင် လုပ်ကွက် A-1, A-2, A-3, A-6, AD-1, AD-6, AD-7,AD-8 အပြင် ကုန်းတွင်း L နှင့် M တို့ကို ခွင့်ပြုခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် A-4, A-5, A-7, AD-2, AD-3, AD-9,AD-10, AD-11 တို့ကို ခွင့်ပြုခဲ့ပါတယ်။ ၂၀၀၄ ခုနှစ်မှာ ခွင့်ပြုခဲ့တဲ့ A-1 နှင့် A-3 လုပ်ကွက်ကနေ ရွှေသဘာဝ ဓာတ်ငွေ့သိုက်ကို ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ပါတယ်။ လက်ရှိတွင် ကိုရီးယားနိုင်ငံ Daewoo International ကုမ္ပဏီမှ (၅၁)ရာခိုင်နှုန်း၊ အိန္ဒိယနိုင်ငံ GAIL က (၈.၅)ရာခိုင်နှုန်း၊ ONGC က (၁၇)ရာခိုင်နှုန်း၊ ကိုရီးယားနိုင်ငံ KOGAS က (၈.၅)ရာခိုင်နှုန်း၊ မြန်မာအစိုးရပိုင် MOGE က (၁၅)ရာခိုင်နှုန်း ပိုင်ဆိုင်ထားပြီး ထွက်ရှိတဲ့သဘာဝဓာတ်ငွေ့တွေကို တရုတ်နိုင်ငံသို့ နှစ်(၃၀)စာချုပ်ချုပ်ပြီး ရောင်းချခဲ့ပြီးဟု သိရပါတယ်။ ရွှေသဘာဝဓာတ်ငွေ့သိုက်မှ သဘာဝဓာတ်ငွေ့ (၄.၅)ထရီလီယံ ကုဗပေ ထွက်ရှိမည်ဟု ခန့်မှန်းထားပါတယ်။

တစ်နေ့မှာ ကုဗသန်းပေါင်း(၅၀၀)ထုတ်လုပ်မှာ ဖြစ်ပါတယ်။ သဘာဝဓာတ်ငွေ့ကို တရုတ်နိုင်ငံ CNPC ကုမ္ပဏီသို့ ရောင်းချထားခြင်းဖြစ်ပြီး ကျောက်ဖြူမြို့အနီး OGT သို့ ပင်လယ်ကြမ်းပြင်အတိုင်း သယ်ယူလာပြီး တရုတ်နယ်စပ် ရွှေလီမြို့အထိ (၄၇၉)မိုင်ရှည်လျားတဲ့ ဓာတ်ငွေ့ပိုက်လိုင်းမှ တစ်ဆင့် သယ်ဆောင်သွားမည်ဟု သိရပါတယ်။ အဆိုပါပိုက်လိုင်းမှ တစ်နေ့ကို ဓာတ်ငွေ့ ကုဗသန်း (၄၀၀)ကို ပို့ဆောင်မည်ဖြစ်ပြီး တစ်နှစ်လျှင် (၁၂)ဘီလီယံခန့် ကုဗပေကို ပို့ဆောင်မည်ဟု သိရပါတယ်။ ဓာတ်ငွေ့ပိုက်လိုင်းအဖြစ် ရေနံပိုက်လိုင်းနှင့်အပြိုင် ပြုလုပ်ထားတာလည်း တွေ့ရပါတယ်။ ရေနံပိုက်လိုင်းကိုလည်း ပြုလုပ်ထားတာ တွေ့ရပါတယ်။ ရေနံ တစ်နေ့ကို (၂၄၀၀၀၀) စည် ပို့မှာဖြစ်ပြီး တစ်နှစ်လျှင် ရေနံ စည်(၁၃)သန်း ပို့ဆောင်မည်ဖြစ်ပါတယ်။ ရေနံပို့ဆောင်ခအဖြစ် တစ်တန်ကို တစ်ဒေါ်လာနှုန်းဖြင့် တစ်နှစ်ကို (၁၃.၆)သန်းရရှိမည်ဟု သိရပါတယ်။

ရခိုင်ပြည်နယ်အတွင်းမှာ သဘာဝသယံဇာတလုပ်ငန်းများတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုကတော့ အမေရိကန်ဒေါ်လာ (၁၀)ဘီလီယံကျော်ရှိတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ရွှေသဘာဝဓာတ်ငွေ့ တစ်နှစ်လျှင် (၁.၁၇)ဘီလီယံရရှိမည်ဖြစ်ပြီး နှစ်ပေါင်း(၃၀) ရရှိမည်ဟုသိရပါတယ်။ ၂၀၁၇ ခုနှစ်တွင် ချုပ်ဆိုခဲ့တဲ့ A-6 လုပ်ကွက် ရွှေရဲထွန်းတွင်လည်း ရွှေဓာတ်ငွေ့ ခိုအောင်းနေသည့် သဲကြောကြီးကို တွေ့ရှိထားပြီးဟုလည်း ကြေညာခဲ့ပါတယ်။ မကြာခင်မှာ သဘာဝဓာတ်ငွေ့ ထွက်ရှိလာနိုင်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ ရခိုင်ပြည်နယ်မှထွက်ရှိနေတဲ့ သဘာဝသယံဇာတများကို နိုင်ငံတော်အစိုးရနှင့် သဘောတူစာချုပ် ချုပ်ဆိုပြီး နိုင်ငံတကာကုမ္ပဏီများမှ သဘာဝသယံဇာတများကို ဆက်လက်ရှာဖွေနေခြင်း၊ ထုတ်လုပ်နေခြင်းတွေပဲ ဖြစ်ပါတယ်။ အဲဒီလို သယံဇာတများ ထုတ်လုပ်ရရှိနေသော်လည်း ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ပြည်သူများအနေနဲ့ကတော့ တိုင်းနှင့်ပြည်နယ်(၁၄)ခုတွင် အောက်ဆုံးအဆင့်တွင် ရှိနေဆဲဖြစ်ပါတယ်။ ဒေသခံပြည်သူများအနေနဲ့ကလည်း သဘာဝသယံဇာတခွဲဝေမှုများတွင် ဒေသခံများ၏ အသံ၊ ဒေသခံများ၏ တောင်းဆိုမှုများကို နားထောင်စေရေး ဆွေးနွေးမှုများပြုလုပ်ပြီး သယံဇာတမှရရှိတဲ့ ရာခိုင်နှုန်းအလိုက် ရရှိစေရေး တောင်းဆိုမှုများ ရှိနေခဲ့ပါတယ်။

လက်ရှိကျင်းပနေတဲ့ (၂၁)ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံမှလည်း နိုင်ငံရေးအရ ဆွေးနွေးမှုများဆောင်ရွက်ရာတွင် ဖက်ဒရယ်ဆိုင်ရာ အခြေခံအချက်အလက်များကို အခြေခံသည့် ခေါင်းစဉ်ကြီး(၅)ခု ဆွေးနွေးရာတွင် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒလုပ်ရပ်များ၊ သဘာဝသယံဇာတစီမံခန့်ခွဲမှုနှင့် ခွဲဝေခြင်းဆိုင်ရာကိစ္စရပ်များ ပါဝင်နေတဲ့အတွက် ဆွေးနွေးပွဲများကို ပြီးမြောက်အောင်ဆောင်ရွက်ပြီးမှသာ သယံဇာတထုတ်လုပ်ခြင်းကို ဆောင်ရွက်နိုင်ရန် လိုအပ်မည်ဖြစ်တယ်လို့ ဆွေးနွေးလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ဆွေးနွေးလိုတာကတော့ အဓိကအခုအချိန်တွင် နိုင်ငံတော်အနေဖြင့် သဘာဝသယံဇာတမှ ထွက်ရှိနေသလောက်ကို ထင်သလိုထုတ်လုပ်နေမည်ဆိုပါက တစ်ချိန်ချိန်တွင် သဘာဝသယံဇာတများ ကုန်ခန်းသွားနိုင်ပါတယ်။ အခုလောလောဆယ်တွင် နိုင်ငံတော်အနေဖြင့် ဝင်ငွေတွေရတယ်။ GDP တွေတိုးနေတယ်ဆိုပေမယ့် တစ်ချိန်ချိန်တွင် သဘာဝသယံဇာတများ မထွက်တော့ဘူး ကုန်ခန်းသွားပြီဆိုပါလျှင် နိုင်ငံတော်အနေဖြင့် နောင်မျိုးဆက်တွေအတွက် ရင်လေးစရာကြုံလာနိုင်တဲ့အတွက် အဆိုရှင်အနေဖြင့် သဘာဝသယံဇာတများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကာကွယ်စေလိုတဲ့ဆန္ဒရှိနေခြင်းကြောင့် ကျွန်တော့်၏ဆန္ဒနှင့်လည်း ထပ်တူဖြစ်နေခြင်းကြောင့် အဆိုရှင် ဦးဖေချစ်က ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးလိုက်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မနက်ဖြန်ကျင်းပမယ့် အစည်းအဝေးတွင် ဆက်လက်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၁၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၁၆ နာရီအချိန်တွင် ရပ်နားပါသည်။]